မြဝတီ နေ့စဉ်

မှန်ရမည်၊ မြန်ရမည် ပြည်သူ့အတွက် မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၃၄၄)

၁၃၈၆ ခုနှစ်၊ တပေါင်းလကွယ်နေ့
၂၀၂၅ ခုနှစ်၊ မတ် ၂၈ ရက်၊ သောကြာနေ့

မြတ်ဗုဒ္ဓ၏အဆုံးအမတရား

သဒ္ဓါတရားလည်းရှိ၊ သီလနှင့်လည်းပြည့်စုံ၊ အခြံအရံလည်းများ၊ စည်းစိမ်ဥစ္စာလည်း ရှိသောသူသည် သွားလေရာရာအရပ်ရပ်၌ အပူဇော်ခံရ၏။ **ဓမ္မပဒ**

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

နှစ်(၈၀)ပြည့်တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကျင်းပပြုလုပ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြား



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် စစ်ရေးပြစစ်ကြောင်းကြီးများအား လိုက်လံစစ်ဆေးစဉ်။

နေပြည်တော် မတ် ၂၇

၂၀၂၅ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့၊ ယနေ့တွင်ကျရောက်သည့် နှစ်(၈၀) ပြည့် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားကို ယနေ့ညပိုင်းတွင် နေပြည်တော်စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြားသည်။

ဦးစွာ စစ်ရေးပြအခမ်းအနားတွင် ပါဝင်ချီတက်ကြမည့် တပ်မတော်(ကြည်း၊ ရေ၊ လေ)မှ အရာရှိ၊ စစ်သည်များ၊ တပ်မတော်(ကြည်း)အမျိုးသမီးစစ်ရေးပြတပ်ခွဲ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့အမျိုးသမီးစစ်ရေးပြတပ်ခွဲတို့သည် စစ်ရေးပြစစ်ကြောင်းကြီးများအလိုက် သစ်တပ်စစ်ရေးပြကွင်း၌ စတင်စုရုံးရောက်ရှိနေရာယူကြပြီး စစ်ရေးပြအစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။ ထို့နောက် ဘက်ပိုက်တပ်စုနှင့် ဗဟိုစစ်တီးဝိုင်းအဖွဲ့သည် စစ်ရေးပြကွင်းအတွင်းရှိ သတ်မှတ်နေရာ၌ နေရာယူကြသည်။ **စာမျက်နှာ ၁၆ ကော်လံ ၁** ★

တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် တက်ရောက်ဂုဏ်ပြု

စာ - ၁၁ သို့

အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ မတ် ၂၈ ရက်)

ရှေ့လုပ်ငန်းစဉ်များအောင်မြင်ပြီးမြောက်ရေး

လွတ်လပ်၍တရားမျှတသောရွေးကောက်ပွဲသည် ပါတီစုံဒီမိုကရေစီစနစ်၏အသက်ပင်ဖြစ်သည်။ လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲဖြစ်မှသာလျှင် ပြည်သူ့ဆန္ဒအစစ်အမှန်ကိုထင်ဟပ်ပေါ်လွင်စေမည်ဖြစ်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ခိုင်မာအားကောင်းစေရေးနှင့်ဖွံ့ဖြိုးမှုရှိစေရေးအတွက် "စစ်မှန်၍စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေး၊ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး" ဟူသည့် နိုင်ငံရေးရည်မှန်းချက်(၂)ရပ်နှင့် "တိုင်းပြည်သာယာဝပြောရေး၊ စားရေရိက္ခာဖူလုံရေး" ဟူသည့် အမျိုးသားရေးရည်မှန်းချက်(၂)ရပ်ကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါနိုင်ငံရေးရည်မှန်းချက်နှင့် အမျိုးသားရေးရည်မှန်းချက်များမှာ စဉ်ဆက်မပြတ်ဆောင်ရွက်ရမည့် နိုင်ငံတော်၏မျှော်မှန်းချက်များပင်ဖြစ်သည်။ အဆိုပါမျှော်မှန်းချက်များပြည့်ဝရန်အတွက် နိုင်ငံတော်၏ပကတိအခြေအနေများနှင့်ကိုက်ညီသည့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့်ဦးတည်ချက်(၉)ရပ်ကိုချမှတ်ပြီး လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်ပြည်သူများ လက်တွဲညီညီပိုမိုပူးပေါင်းဆောင်ရွက်မည်ဆိုပါကအောင်မြင်မှုများ အလျင်အမြန်ရရှိလာမည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်တွင် "လွတ်လပ်ပြီးတရားမျှတသောပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်" ဟူ၍လည်းကောင်း၊ "ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်"ဟူ၍လည်းကောင်း ချမှတ်ဆောင်ရွက်လျက်ရှိသည်။

စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပချိန်တွင် မဲစာရင်းများပြည့်စုံမှန်ကန်မှုရှိရန်ဆောင်ရွက်နေသကဲ့သို့ ဒီမိုကရေစီစနစ်ကျင့်သုံးရာတွင် တိုင်းရင်းသားများ၊ တိုင်းရင်းသားဒေသများနှင့် လူထုလူတန်းစားအသီးသီးကိုကိုယ်စားပြုသည့် ကိုယ်စားလှယ်များလွှတ်တော်ထဲသို့ရောက်ရှိလာစေရေးအတွက် လက်ရှိကျင့်သုံးနေသည့် အနိုင်ရသူအကုန်ယူစနစ်အပြင် မြန်မာနိုင်ငံ၏ဒီမိုကရေစီစနစ်နှင့်သင့်တော်သည့် အချိုးကျကိုယ်စားပြုစနစ်ကို ပေါင်းစပ်ကျင့်သုံးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် နိုင်ငံသားတစ်ဦးချင်းစီအနေဖြင့်လည်း ခြိမ်းခြောက်မှု၊ အကျပ်ကိုင်မှု၊ မတရားတိုက်တွန်းမှု၊ လူအုပ်စုနှင့်အနိုင်ကျင့်လွှမ်းမိုးမှု စသည့်မတရားမှုများကင်းဝေးစေပြီး လွတ်လပ်စွာမဲပေးနိုင်ရေးအတွက် လုံခြုံရေးကိစ္စရပ်များကိုလည်း အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများလိုလားသည့် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်အခိုင်အမာရရှိရေးအတွက် ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးဆောင်ရွက်နေချိန်တွင် EAO အချို့နှင့် အကြမ်းဖက်လက်နက်ကိုင်သောင်းကျန်းသူများက ရွေးကောက်ပွဲပျက်ပြားစေရန်နှင့်နှောင့်နှေးကြန့်ကြာမှုများဖြစ်ပေါ်စေရန် လုပ်ဆောင်လျက်ရှိနေသည်ကိုလည်း သတိပြုရမည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် ရွေးကောက်ပွဲကျင်းပပေးနိုင်မည့်အချိန်ကာလကိုသတ်မှတ်ပေးထားပြီးဖြစ်သည်။ တိုင်းရင်းသားလက်နက်ကိုင်အကြမ်းဖက်သမားများမှာ ၎င်းတို့အင်အားတည်ဆောက်နိုင်ရေးအတွက် ဝေးလံခေါင်ဖျားပြီး အသွားအလာခက်ခဲသည့်နေရာများကို အခြေခံကာ ဘိန်း၊ ဘိန်းဖြူနှင့်မူးယစ်ဆေးဝါးထုတ်လုပ်ရောင်းဝယ်မှုကရရှိသည့် ဝင်ငွေ၊ တရားမဝင်လမ်းကြောင်းက နိုင်ငံတော်သယံဇာတများခိုးထုတ်ရောင်းချမှုက ရသည့်ဝင်ငွေ၊ တရားမဝင်နည်းလမ်းပေါင်းစုံသော လောင်းကစားဝိုင်းများကရရှိသည့်ဝင်ငွေများဖြင့် လက်နက်ခဲယမ်းမျိုးဝယ်ယူကာ နိုင်ငံအတွင်း အဖျက်လုပ်ရပ်များလုပ်ဆောင်လျက်ရှိသည်။ ဒီမိုကရေစီစနစ်နှင့်အညီ ဆောင်ရွက်နိုင်သည်များကိုမဆောင်ရွက်ဘဲ အဓမ္မနည်း၊ အကြမ်းဖက်လုပ်ရပ်များပြုလုပ်နေခြင်းကြောင့် ဒေသ၏ဖွံ့ဖြိုးတိုးတက်မှုနှောင့်နှေးပြီး ကလေးငယ်များ၏အနာဂတ်ပျောက်ဆုံးနေပြီဖြစ်သည်။ ဤသည်မှာ အင်မတန်မိုက်မဲသည့်လုပ်ရပ်ဖြစ်သည်။

ထို့ကြောင့် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ပြည်သူ့စစ်တပ်ဖွဲ့များအပါအဝင် လုံခြုံရေးတပ်ဖွဲ့များအနေဖြင့် ပြည်သူလူထုနှင့်အတူလက်တွဲပြီး တည်ငြိမ်အေးချမ်းမှုပျက်ပြားခဲ့ရသည့်ဒေသများကိုတည်ငြိမ်အေးချမ်းမှုပြန်လည်ရရှိအောင် တရားဥပဒေနှင့်အညီ ထိထိရောက်ရောက်ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် လုပ်ဆောင်သင့်သည်များကို တစ်ဆင့်ပြီးတစ်ဆင့် ဆက်လက်ဆောင်ရွက်နေသည်မှာ နိုင်ငံတော်အစိုးရ၏ရှေ့လုပ်ငန်းစဉ်များအောင်မြင်ရေးကို ရှေးရှုဆောင်ရွက်ခြင်းဖြစ်သည်။ ထို့ကြောင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်း။ ။

အစိုးရဓမ္မာစရိယစာမေးပွဲ (တတိယနေ့)ကျင်းပ

နေပြည်တော် မတ် ၂၇

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနကကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၂၅ ခုနှစ်၊ အစိုးရဓမ္မာစရိယစာမေးပွဲကို ယနေ့ (တတိယနေ့) နိုင်ငံတစ်ဝန်းရှိ စာဖြေဌာန ၆၅ ဌာနတို့တွင် စာဖြေစာရင်းသွင်း ၁၁၄၈၅ ပါး/ဦး အနက် ၉၃၉၈ ပါး/ဦး ဖြေဆိုကြသဖြင့် ၈၁ ဒသမ ၈၃ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရှိရသည်။ **(သတင်းစဉ်)**

ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

ကင်းလွတ်ခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ -၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

(ခ) အိမ်ထောင်သည်အမျိုးသမီးများ(အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်းပါဝင်သည်)။

(ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့်အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန်မသင့်လျော်သူများ။

(ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်)စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

(ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်)အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့်တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏သားသမီးအရင်းအချာများ(ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။ မှတ်ချက်။ ။ အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက်ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန်ခွင့်ပြုနိုင်သည်။

(င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင်ရွေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ်တစ်ခုခုရရှိသော အားကစားသမားများ။

(စ) နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်းလုပ်သက် ၂ နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့်သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ။

(ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။	ကာကွယ်ရေးဝန်ကြီးဌာန		https://www.moi.gov.mm
	https://www.mod.gov.mm	၄။	Myawady Webportal
၂။	ဥပဒေရေးရာဝန်ကြီးဌာန		https://myawady.net.mm
	https://www.mlis.gov.mm	၅။	Myanmar National Portal
၃။	ပြန်ကြားရေးဝန်ကြီးဌာန		https://myanmar.gov.mm

မြဝတီ ခနဉ့်စဉ် The Myawady Daily

စာတည်းမှူးချုပ် – ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) – ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) – ဦးရဲမင်းတင်
စာတည်းမှူး(ကျွမ်းကျင်)အင်္ဂလိပ် – ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) – ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) – ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) – ဦးဇော်မင်းဝိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) – ဦးစံမင်းသူ
နေပြည်တော်
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်လမ်းရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။
ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂။ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၃၇၅၅၊ ၈၄ လမ်း၊
၂၉ရပ ၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် – ၀၀၃၇၈/၀၀၄၉၄
စာတင်ထုတ်ဝေသည့်ရက် – ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website – www.myawady.net.mm

တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်ချီးမြှင့်အပ်နှင်းခြင်းခံရသူများ၏ စကားသံများ

နှစ်(၈၀)ပြည့်တပ်မတော်နေ့အထိမ်းအမှတ်အခမ်းအနားနေ့တွင်ရဲဘော်အချင်းချင်းအပေါ်ထားရှိသည့် မေတ္တာဘရား၊ သံယောဇဉ်တရား၊ သစ္စာစောင့်သိမှုတရားများကို ရှေ့တန်းတင်ပြီး တိုင်းပြည်နှင့်လူမျိုးအတွက် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ရွပ်ရွပ်ခွံ့ခွံ့ရဲစွမ်းသတ္တိပြောင်မြောက်စွာစွမ်းဆောင်ခဲ့ကြသူများအား တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ကျင်းပရာ သမိုင်းပေးတာဝန်များကို ရဲဝံ့ပြောင်မြောက်စွာ သူရသတ္တိအပြည့်ဖြင့် အသက်၊ သွေး၊ ချွေး၊ ခန္ဓာတို့ ရင်းနှီးပေးဆပ်ပြီး တိုင်းပြည်နဲ့လူမျိုးအတွက် အသက်ကိုပဓာနမထားဘဲ တိုက်ပွဲဝင်ခဲ့ကြသည့်အရာရှိ၊ စစ်သည်များ၏ စကားသံများကိုဖော်ပြလိုက်ရပါသည်–



ဗိုလ်မှူးရန်နိုင်စိုး



ဗိုလ်ကြီးနိုင်ဦး



ဗိုလ်ကြီးဇွဲမောင်မောင်



တပ်ခွဲတပ်ကြပ်ကြီးစန်းမြင့်



ဦးကျော်ကြီး

ဗိုလ်မှူးရန်နိုင်စိုး
(သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်)

တောင်ခမ်းစစ်ဆင်ရေးမှာ ခုနစ်လတိုင်တိုင် အကြမ်းဖက်သောင်းကျန်းသူတွေကိုခုခံတိုက်ပွဲဝင်ခဲ့ပြီး နိုင်ငံတော်နှင့် ပြည်သူအတွက်အသက်ကိုပဓာနမထားတိုက်ခိုက်ခဲ့သည့်အတွက် တပ်မတော်မှ ပေးအပ်သည့် သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ကိုရရှိခဲ့တာဖြစ်ပါတယ်။ တပ်မတော်အနေဖြင့်လည်း ရှေ့တန်းစစ်ဆင်တိုက်ပွဲတစ်ပွဲပြီးတာနဲ့ ထူးချွန်တဲ့သူတွေကိုပေးတဲ့အတွက် အဆင့်တိုးပေးအပ်တာတွေ ထူးချွန်တဲ့စစ်သည်တွေကို အသိအမှတ်ပြုပေးတာကျေးဇူးတင်ပါတယ်။ ဂုဏ်လည်း ဂုဏ်ယူပါတယ်။

ဗိုလ်ကြီးနိုင်ဦး
(သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်)

ဘောလခဲတိုက်ပွဲဖြစ်စဉ်မှာ ခုခံကာကွယ်တိုက်ခိုက်ခဲ့တာကြောင့် သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ကိုရရှိတာဖြစ်ပါတယ်။ ကျွန်တော်တို့က ကိုယ့်နိုင်ငံကိုယ့်တပ်မတော်အတွက် ရဲဝံ့စွာနဲ့ တိုင်းပြည်အကျိုးကို တာဝန်ထမ်းဆောင်ခဲ့တာနောက်ဆုံး ၂၀၂၅ မှာ ကျွန်တော် ဒီဆုရခဲ့ပါတယ်။ ကျွန်တော်လည်းဝမ်းသာသလိုစစ်သည်တွေကလည်းအားရဝမ်းသာကြပါတယ်။ သူတို့လည်းထိုက်သင့်တဲ့ချီးကျူးမှုတွေကိုလည်း ရရှိခဲ့ကြပါတယ်။ အားလုံးကပြောရမယ်ဆိုရင် လူ၊ လူချင်းတော့တူပါတယ်။ ခံယူချက်ချင်းတော့ မတူပါဘူး။ ကောင်းတဲ့ခံယူချက်နဲ့ဆိုရင် သေခြင်းသေ၊ ထိုက်ထိုက်တန်တန်သေရင် ပိုပြီးတော့ အဆင်ပြေလာမယ်။ လူတိုင်းက မသေတော့မယ့်လူမှမဟုတ်တာ။ အချိန်ကာလအတိုင်းအတာတစ်ခုရောက်ရင် သေမှာပါပဲ။ စစ်သည်တွေကိုပြောချင်တာက ကိုယ်က ကောင်းတဲ့ရည်ရွယ်ချက်နဲ့ ခံယူချက်ထားမယ်ဆိုရင် အောင်မြင်မှုက ရနိုင်မှာပါလို့ပြောချင်ပါတယ်။

ဗိုလ်ကြီးဇွဲမောင်မောင်
(သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်)

စစ်ဆင်ရေးတာဝန်ကတော့ ရှမ်းပြည်နယ်မြောက်ပိုင်း တောင်ခမ်းဒေသဖြစ်ပါတယ်။ တောင်ခမ်းဒေသမှာလုံခြုံရေးဆောင်ရွက်ခဲ့တာပါ။ ကျွန်တော်တို့ဆောင်ရွက်ခဲ့တဲ့အပိုင်းက ကျွန်တော်တို့ရဲ့ တပ်ရင်းမှူးဦးဆောင်မှုအောက်ကနေ တာဝန်နဲ့ အမိန့်တိုင်းအားလုံးက လက်တွဲညီညီဆောင်ရွက်ခဲ့ကြပါတယ်။ တောင်ခမ်းဒေသတစ်ခုလုံးကို သောင်းကျန်းသူလက်ထဲကနေ ကင်းစင်သွားအောင် ကျွန်တော်တို့က ပြန်ပြီးရှင်းလင်းဆောင်ရွက်နိုင်ခဲ့ပါတယ်။ ကျွန်တော်တို့ဆောင်ရွက်ခဲ့တာကို နိုင်ငံတော်က အသိအမှတ်ပြုတဲ့အတွက်ကြောင့် သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ကို ချီးမြှင့်တဲ့အတွက် ဝမ်းသာဂုဏ်ယူမိပါတယ်။

တပ်ခွဲတပ်ကြပ်ကြီးစန်းမြင့်
(သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်)

ကျောက်ဖြူဖြစ်စဉ်အရေ့ သစ်ပုပ်တောင်၊ ရခိုင်ပြည်နယ်မှာဖြစ်ခဲ့ပါတယ်။ ကျွန်တော် ဒီလိုဆုမျိုးကိုရလိမ့်မယ်လို့ မျှော်လင့်ချက်လည်းမရှိခဲ့ပါဘူး။ ကျွန်တော်တို့တပ်မတော်သားတွေ နိုင်ငံတော်ကပေးအပ်လာတဲ့တာဝန်တစ်ခုကိုထမ်းဆောင်ကြတဲ့အချိန်မှာ သတိဝီရိယနဲ့ လုပ်ဆောင်ဖို့ပြောချင်ပါတယ်။

ဦးကျော်ကြီး
ဒုတိယတပ်ကြပ် သန့်ဇင်ဦးဖခင်
(သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်)

နေပြည်တော် ဒကွိဇာသီရိမြို့နယ် ရွှေခဲအုပ်စု ကျောက်ခဲကျေးရွာက ဖြစ်ပါတယ်။ သားဖြစ်သူက **ဒုတိယတပ်ကြပ် သန့်ဇင်ဦး**က ပြည်သူ့စစ် စစ်သားတစ်ယောက်ဖြစ်ပါတယ်။ အစကတော့ကျွန်တော်တို့လည်း စိတ်မကောင်းဘူး။ ရင်ထဲမှာသားအတွက် စိတ်မကောင်းဖြစ်ရပေမယ့် အခုလို နိုင်ငံတော်က ဆုပေးအပ်တဲ့အတွက် သားတစ်ယောက်အတွက်ဂုဏ်ယူမိပါတယ်။ အခုတော့ သားလုပ်ခဲ့တဲ့လုပ်ရပ်က ဘွဲ့ထူး ဂုဏ်ထူးတွေနဲ့ ငွေကြေးပမာဏတွေကို လည်းရခဲ့ပါတယ်။ ဒီလိုမျိုးရရှိလိမ့်မယ်လို့လည်း မျှော်လင့်လည်းမထားပါဘူး။ ကိုယ့်ရဲ့သားလုပ်ရပ်က တကယ်တော့ နိုင်ငံနဲ့လူမျိုးအတွက် ဂုဏ်ရှိတယ်လို့ ကျွန်တော်တို့မြင်လာပါတယ်။ ကျန်ခဲ့တဲ့ မိဘတွေကို နိုင်ငံတော်ကနေပြန်ပြီး စောင့်ရှောက်ကြည့်ပေးခဲ့လို့ ကျေးဇူးတင်ထိုက်သူအားလုံးကို ကျေးဇူးတင်ပါတယ်။ သားက ပြည်သူ့စစ်အမှတ်စဉ် (၁)ဖြစ်ပါတယ်။ သင်တန်းကို ကျွန်တော်ကိုယ်တိုင်ပဲ ဒကွိဇာသီရိမြို့နယ်ထွေအုပ်ရုံးကို လိုက်ပို့ပေးခဲ့တာပါ။ ကျွန်တော့်အနေနဲ့ပြောရမယ်ဆိုရင် ကျွန်တော့်သားက ကျွန်တော်တို့ ဆွေမျိုးအသိုင်းအဝိုင်းထဲ ဒီလိုမျိုးတံဆိပ်ဆိုတာ အိပ်မက်ထဲတောင်မမက်မိခဲ့ပါဘူး။ ကျွန်တော်မွေးတဲ့သားကျမှ ပြည်သူ့စစ်ထဲရောက်မှပေးတာဆိုတော့ သားလုပ်ခဲ့တဲ့လုပ်ရပ်ကြောင့် ဒီလိုပဲယုံကြည်ပါတယ်။ နိုင်ငံတော်က တံဆိပ်ကိုပေးအပ်ပြီး ကျွန်တော်တို့မိသားစုကို ကြည့်ရှုစောင့်ရှောက်ပေးလို့ ကျေးဇူးတင်ပါတယ်။

ရွှေဖြိုး(မြဝတီ)၊
လွဲရည်လှိုင်

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၈-၃-၂၀၂၅ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	၃၀၀၀	၃၀၁၅	၃၀၈၀	၃၀၁၅	၃၁၂၀	၃၁၃၅	၃၀၇၅	၃၀၀၅	၄၅၀၅	၃၃၆၅	၃၀၉၀	၃၀၉၀	၃၁၆၀	၃၁၂၅	၃၀၅၀	၃၄၀၅
95 Ron	၃၀၅၀	၃၀၆၅	၃၁၃၀	၃၀၆၅	၃၀၇၀	၃၁၈၅	၃၁၂၀	၃၁၂၀	၄၅၆၀	၃၄၁၅	၃၁၄၀	၃၁၄၀	၃၂၁၀	၃၁၇၅	၃၁၉၅	၃၄၅၅
HSD (500 ppm)	၂၅၈၀	၂၆၉၅	၂၆၆၀	၂၅၉၅	၂၇၀၀	၂၇၁၅	၂၇၃၀	၂၆၅၀	-	၂၉၄၅	၂၆၇၀	၂၆၇၀	၂၇၄၀	၂၇၀၅	၂၇၂၅	၂၉၀၅
HSD (50 ppm)	၃၁၉၀	၃၃၀၅	၃၂၇၀	၃၂၀၅	၃၃၁၀	၃၃၂၅	၃၃၄၀	၃၂၆၀	၄၈၃၀	၃၅၅၅	၃၂၈၀	၃၂၈၀	၃၃၅၀	၃၃၁၅	၃၃၃၅	၃၅၉၅
HSD (10 ppm)	၃၁၉၀	၃၃၀၅	၃၂၇၀	၃၂၀၅	၃၃၁၀	၃၃၂၅	၃၃၄၀	၃၂၆၀	-	၃၅၅၅	၃၂၈၀	၃၂၈၀	၃၃၅၀	၃၃၁၅	၃၃၃၅	၃၅၉၅

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်–

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၄၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၂၈၃၃	၂၉၂၃
95 Ron	၂၈၈၀	၂၉၇၁
HSD (500 ppm)	၂၄၂၃	၂၅၀၁
HSD (50 ppm)	၃၀၁၅	၃၁၀၅
HSD (10 ppm)	၃၀၁၅	၃၁၀၅

❑ **စာမျက်နှာ ၅ မှအဆက်**

လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကာ တစ်ဦးချင်းဂါရဝပြုချီးမြှင့်ငွေနှင့် အားဖြည့်ငှက်သိုက်များကို ကိုယ်တိုင်ကိုယ်ကျပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် ဇနီးတို့သည် လွတ်လပ်ရေးမော်ကွန်းဝင်ပုဂ္ဂိုလ်များနှင့်အတူ လက်ဖက်ရည်နှင့် စားသောက်ဖွယ်ရာများအား အတူတကွသုံးဆောင်ခဲ့ကြသည်။

ယခု ၂၀၂၅ ခုနှစ်တွင် ကျရောက်သော နှစ်(၈၀)ပြည့် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားသို့တက်ရောက်ရန် ရောက်ရှိနေသည့် လွတ်လပ်ရေးမော်ကွန်းဝင် ပုဂ္ဂိုလ်များဖြစ်ကြသည့် လွတ်လပ်ရေးမော်ကွန်းဝင်တတိယအဆင့် ဦးအေးသိန်းသည် အသက် ၉၇ နှစ်၊ လွတ်လပ်ရေးမော်ကွန်းဝင် ဒုတိယအဆင့် ဦးဘချောသည် ၉၇ နှစ်နှင့် လွတ်လပ်ရေးမော်ကွန်းဝင် ဒုတိယအဆင့် ဦးကျော်စိန်သည် အသက် ၁၀၈ နှစ်များဖြစ်ကြပြီး ကျန်းမာသန်စွမ်းလျက်ရှိကြောင်းနှင့် ဂျပန်ခေတ်တော်လှန်ရေးများတွင် ကိုယ်တိုင်ကိုယ်ကျပါဝင်ဆောင်ရွက်ခဲ့မှုများကို ပြန်လည်ပြောပြရင်း နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များ ရှင်သန်ကိန်းအောင်းလျက်ရှိကြကြောင်း သတင်းရရှိသည်။

(၁၀၀)

နှစ်(၈၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ တက်ရောက်လာကြသူများ၏စကားသံများ

၂၀၂၅ ခုနှစ် မတ်လ ၂၇ ရက်နေ့ ယနေ့တွင် ကျရောက်သည့် နှစ်(၈၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကို ယနေ့ညပိုင်းတွင် နေပြည်တော်စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်ရာ အဆိုပါအခမ်းအနားသို့ တက်ရောက်လာကြသူများအားမေးမြန်းခဲ့ရာတွင်-



မရွှန်းလဲ့ဝေ

ဒုတိယတပ်ကြပ် မရွှန်းလဲ့ဝေအမှတ်(၂) တက္ကသိုလ်လေ့ကျင့်ရေးတပ်

ကျွန်မက အမှတ်(၂) တက္ကသိုလ်လေ့ကျင့်ရေးမန္တလေးကနေကိုယ်စားပြုအနေနဲ့ တက်ရောက်တာဖြစ်ပါတယ်။ တက္ကသိုလ်လေ့ကျင့်ရေးမှာဆို တန်းမြင့် ဒုတိယနှစ်အနေနဲ့ တက်ရောက်နေပါတယ်။ နှစ်(၈၀)ပြည့် တပ်မတော်နေ့ကို ပထမဆုံးအနေနဲ့တက်ရောက်ဖြစ်တာပါ။ ဒီနေ့အခမ်းအနားမှာ ကျွန်မတို့လို တက္ကသိုလ်လေ့ကျင့်ရေးကျောင်းတွေ ဖိတ်ကြားတဲ့ထဲမှာမှ ကျွန်မတက်ခွင့်ရတာက အခွင့်အရေးကောင်း၊ အတွေ့အကြုံကောင်းလို့ ပြောလို့ရပါတယ်။ ဝမ်းသာဂုဏ်ယူမိပါတယ်။ ဘာလို့လဲဆိုတော့ ဒီလိုမျိုးအခမ်းအနားတက်ရောက်ဖို့ဆိုတာ မလွယ်ပါဘူး။ ကိုယ်မမြင်ဘူးတဲ့ စစ်ရေးပြမြင်ကွင်းကို မြင်ရတော့ ကြက်သီးထမိပြီး စိတ်ဓာတ်တက်ကြွမှုဖြစ်လာပါတယ်။ အရင်က ရုပ်မြင်သံကြားမှာပဲမြင်ဖူးတာပါ။ နောက်ပြီး သူငယ်ချင်းအသစ်တွေရပြီး ကိုယ်မရောက်ဘူးတဲ့နေရာသစ်တွေကို လိုက်ပို့ပေးပါတယ်။ အလွန်ကောင်းတဲ့ အတွေ့အကြုံတွေအများကြီး ရတဲ့အမှတ်တရပွဲ အခမ်းအနားဖြစ်ပါတယ်။



မောင်ဇော်မျိုးထွန်း

မောင်ဇော်မျိုးထွန်း ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်(စစ်ကိုင်း)

ကျွန်တော်က စစ်ကိုင်းပြည်ထောင်စုတိုင်းရင်းသားဖွံ့ဖြိုးရေးတက္ကသိုလ်က လာတက်တာဖြစ်ပါတယ်။ ကျွန်တော်က နောက်ဆုံးနှစ်ကျောင်းသားဖြစ်ပါတယ်။ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်က နယ်စပ်ရေးရာဝန်ကြီးဌာန လက်အောက်မှာရှိတဲ့ ကျောင်းဖြစ်ပါတယ်။ ကျောင်းက တိုင်းရင်းသားတွေစုပြီး နေထိုင်တဲ့အတွက် ကြောင့်မလို့ တိုင်းရင်းသားတွေအများကြီး ထဲကမှ ကိုယ်စားပြုရွေးချယ်ခံရတဲ့အတွက် တက်ရောက်ဂုဏ်ပြုခြင်းဖြစ်ပါတယ်။ နှစ်(၈၀)ပြည့် တပ်မတော်နေ့ကို ပထမဆုံးတက်ရောက်ခြင်းဖြစ်ပါတယ်။ ဒီနေ့အခမ်းအနားမှာ ကိုယ်မမြင်ဘူးတဲ့ မြင်ကွင်းအတွေ့အကြုံတွေကို မြင်ခွင့်ရခဲ့ပါတယ်။ ဒီတပ်မတော်နေ့ကြီးဆိုတာ လူတိုင်းတက်ချင်တိုင်း တက်လို့မရတဲ့အတွက် ကျွန်တော်တက်ရတာဝမ်းသာပါတယ်။ တပ်မတော်သားဆိုတာ မြန်မာနိုင်ငံတော်ကြီးကို တိုင်းသူပြည်သားတွေအတွက် ဘေးအန္တရာယ်တွေကို ကာကွယ်ပေးနေသူတွေဖြစ်တယ်။ ရှေ့တန်းရောက် တပ်မတော်သားတွေ သွားချင်တဲ့ခရီးလမ်းအောင်မြင်ပြီး သူတို့ရဲ့မိသားစုတွေကို ပံ့ပိုးနိုင်ပါစေ။ အသက်အန္တရာယ်ကင်းကင်းနဲ့ တိုက်ပွဲတိုင်းအောင်မြင်ပါစေလို့ဆုတောင်းပေးပါတယ်။



ဦးသိန်းကြည်

ဦးသိန်းကြည် ဥက္ကဋ္ဌ(အမျိုးသားနိုင်ငံရေးမဟာမိတ်အဖွဲ့ချုပ်)

ကျွန်တော်ကတော့ နှစ်(၈၀)ပြည့် တပ်မတော်နေ့ကိုလာရောက်ဂုဏ်ပြုခြင်းဖြစ်ပါတယ်။ တပ်မတော်နေ့က မြန်မာနိုင်ငံသမိုင်းကြောင်းနဲ့ချီပြီး တပ်မတော်စတည်ခဲ့တာပါ။ ကျွန်တော်တို့အတွက်ကတော့ တခြားနိုင်ငံတွေထက် ထူးခြားတဲ့တပ်မတော်ပါ။ ကျွန်တော်တို့ တပ်မတော်က တိုင်းပြည်အတွက် မျိုးချစ်တဲ့တပ်မတော်ဖြစ်ပါတယ်။ အဲဒီကမ္မည်းနဲ့ ပြည့်စုံတဲ့အတွက် အလေးအနက်ထားပြီး လာရောက်ဂုဏ်ပြုခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာ့တပ်မတော်ကြီး တိုက်ပွဲတိုင်းအောင်ပါစေ။ ရှေ့တန်းရောက် တပ်မတော်သားတွေ ကျန်းကျန်းမာမာ ချမ်းချမ်းသာသာနဲ့ စိတ်ဓာ၏ချမ်းသာခြင်း၊ ကိုယ်ဓာ၏ကျန်းမာခြင်းဖြင့် တိုင်းပြည်တာဝန်ထမ်းဆောင်ပြီး အိမ်ကိုပြန်လာနိုင်ပါစေ။ ဘေးရန်ကင်းပါစေလို့ ဆုမွန်ကောင်းတောင်းပါတယ်။ အောင်မြင်မှုတွေ အများကြီးရပါစေလို့ ဆုမွန်ကောင်းတောင်းပေးပါတယ်။



ဦးစိုင်းပန်တိ

ဦးစိုင်းပန်တိ ဝမ်ပန်ပြည်သူ့စစ်(ဌာနေ)

ကျွန်တော်က အရှေ့အလယ်ပိုင်းတိုင်း ပြည်သူ့စစ်ဌာနေကိုယ်စားပြုအနေနဲ့တက်ရောက်ခြင်းဖြစ်ပါတယ်။ တပ်မတော်နေ့ကို လာရောက်ဂုဏ်ပြုခြင်းဖြစ်တဲ့အတွက် ဝမ်းသာမိပါတယ်။ အရင်နှစ်တွေတုန်းကလည်း လာရောက်ခဲ့ပါတယ်။ နောက်နှစ်တွေနှစ်တွေလည်း တက်ရောက်နိုင်အောင် ကြိုးစားသွားပါ့မယ်။ ဒီနှစ်(၈၀)ပြည့်တပ်မတော်ကြီးမှာသည် ဒီထက်မကနှစ်ပေါင်းရာချီတည်တံ့ပါစေ။ မြန်မာပြည်သူပြည်သားအားလုံးလည်း နေကောင်းကျန်းမာရွှင်လန်းချမ်းမြေ့ကြပါစေလို့ဆုတောင်းပေးလိုက်ပါတယ်။



မစုမေဖြိုး

မစုမေဖြိုး ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်(စစ်ကိုင်း)

နှစ်(၈၀)ပြည့် တပ်မတော်နေ့ကြီးကို တက်ရောက်ဂုဏ်ပြုခြင်းဖြစ်ပါတယ်။ သမီးကတော့ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်က လာရောက်ခြင်းဖြစ်ပါတယ်။ ရှမ်းတောင်က လာရောက်ခြင်းဖြစ်ပါတယ်။ လူတွေအများကြီးထဲကမှ ရွေးချယ်ခံရပြီး တပ်မတော်နေ့ကို လာရောက်ဂုဏ်ပြုရတဲ့အတွက် အများကြီးကိုယ့်ကိုယ်ကိုယ် ဝမ်းသာမိပါတယ်။ တပ်မတော်သားတစ်ယောက်ဖြစ်ရတာ မလွယ်ကူပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ တိုင်းပြည်အတွက် အသက်ကိုပဓာနမထားဘဲ ကိုယ်ကျိုးစွန့်ပြီးလုပ်ရတဲ့အတွက် မလွယ်ကူပါဘူး။ တပ်မတော်သားတွေရဲ့ စိတ်ဓာတ်ကြံ့ကြံ့ခိုင်ခိုင်ပြီး မိသားစုတွေနဲ့အဝေးကြီးမှာနေရတာဖြစ်ပါတယ်။ ဒီနှစ်(၈၀)ပြည့်မှသည် နောက်နှစ်ထောင်ပေါင်းများစွာအထိ တပ်မတော်နေ့ကိုထိန်းသိမ်းနေပြီးမှ မြန်မာနိုင်ငံရဲ့စီးပွားရေး၊ လူမှုရေးတွေ အများကြီးလုပ်ဆောင်ပေးနိုင်ကြပါစေလို့ပြောချင်ပါတယ်။ ရှေ့တန်းရောက် တပ်မတော်သားတွေကိုလည်း တိုင်းပြည်အတွက် အများကြီးကယ်တင်ပေးနိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းပေးလိုက်ပါတယ်။

လဲ့ရည်အောင်

ကန်ကြီးထောင့်မြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီကစိုက်ပျိုးခဲ့သော မတ်ပဲ ၂၄၅၅ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်

ကန်ကြီးထောင့် မတ် ၂၇

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ်၌ ယခုဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသည့် မတ်ပဲ ၂၄၅၅၂ ဧကရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးမူ၏ပြောပြချက်အရ သိရသည်။

ယခု ဆောင်းသီးနှံစိုက်ပျိုးရာသီက ကန်ကြီးထောင့်မြို့နယ်၌ မတ်ပဲ ၂၅၀၈၁ ဧကအထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသည့်မတ်ပဲများကို ပြီးခဲ့သည့် ဇန်နဝါရီလဒုတိယပတ်က စတင်ရိတ်သိမ်းခဲ့ရာ လက်ရှိတွင် ၂၄၅၅၂ ဧကာ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း၊ ရိတ်သိမ်းပြီးစီးပြီဖြစ်သော မတ်ပဲတစ်ဧကလျှင် ၁၄ ဒသမ ၂၂ တင်းခန့် ထွက်ရှိကြောင်း သိရသည်။

"မတ်ပဲတွေ လျာထားချက်အတိုင်း ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာန၊ သက်ဆိုင်ရာဌာနတွေနဲ့ ဒေသခံတောင်သူတွေ ပူးပေါင်းဆောင်ရွက်ခဲ့တာပါ။ ဒီနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ မတ်ပဲဧကစုစုပေါင်း ၂၅၀၀၀ ကျော်စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိမတ်ပဲဧကအများစု ရိတ်သိမ်းပြီးဖြစ်ပါတယ်။ မတ်ပဲက နှစ်စဉ် စိုက်နေကျသီးနှံဖြစ်တဲ့အတွက် တောင်သူတွေစိုက်ဖို့က အခက်အခဲမရှိပါဘူး။ ပိုးမွှားအန္တရာယ်နဲ့ပတ်သက်လို့ ရုတ်တရက် ပိုးမွှားကျရောက်ရင် ဖြေရှင်းဖို့ကိုလည်း သင်တန်းတွေပေးထားပါတယ်။ ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ မတ်ပဲက ဧက အများဆုံးဖြစ်ပါတယ် "ဟု ဒေါ်အေးအေးမူ ကပြောသည်။

ယခုနှစ်တွင် ကန်ကြီးထောင့်မြို့နယ်၌ မတ်ပဲစိုက်ပျိုးနိုင်ရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြေဆီလွှာပြုပြင်ရေး နည်းစနစ်များ၊ စိုက်နည်းစနစ်မှန်ကန်စေရေး နည်းပညာများ၊ ပိုးသတ်ဆေးနှင့် အာဟာရဓာတ်ရရှိစေရန် ဆေးသုံးစွဲမှုနည်းစနစ်တကျရှိစေရေး၊ အပင်အားဆေးနှင့် ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေး နည်းစနစ်များ စသည့်လုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း၊ မတ်ပဲကို ရာသီအလိုက် သီးထပ်သီးညှပ်စိုက်ပျိုးခြင်းဖြင့် ဒေသတွင်းစားသုံးမှုဖူလုံစေရုံသာမက သီးနှံစျေးနှုန်းတည်ငြိမ်ကျဆင်းရေးကိုလည်း အထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။ **သုတကျော်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် သူရဲကောင်းဗိမာန်အတွင်း လှည့်လည်ကြည့်ရှုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် သူရဲကောင်းဗိမာန်(နေပြည်တော်) ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးစဉ်။

➪ **ကျော်ဖုံးမှအဆက်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တပ်မတော် အရာရှိကြီးများသည် သူရဲကောင်းဗိမာန်အတွင်းနှင့် ရင်ပြင်တွင် နေရာယူကြကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုပန်းခြင်းချပြီး တက်ရောက်လာကြသည့် တပ်မတော်အရာရှိကြီးများနှင့်အတူ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်စဉ် အသက်စွန့်လှုပ်ပေးလျှခဲ့ရသည့်သူရဲကောင်းစစ်သည်များအား အလေးပြုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တက်ရောက်လာကြသည့် တပ်မတော် အရာရှိကြီးများသည် သူရဲကောင်းဗိမာန် (နေပြည်တော်) ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးကြပြီး သူရဲကောင်းဗိမာန်အတွင်း လှည့်လည်ကြည့်ရှုခဲ့ကြသည်။

အဆိုပါ သူရဲကောင်းဗိမာန်(နေပြည်တော်)ကို နိုင်ငံတော်၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် အသက်ကိုစွန့်လှုတ်ခဲ့ရသည့် မြန်မာသူရဲကောင်းများကို ဂုဏ်ပြုရန်၊ အချုပ်အခြာအာဏာနှင့် လွတ်လပ်စွာ အုပ်ချုပ်ခွင့်ရရှိပြီးသည့်နောက် အသိအမှတ်ပြုဖွယ်ရာ ရဲစွမ်းသတ္တိရှိစွာကြိုးစားအားထုတ်မှုများပြုလုပ်ရာတွင် အသက်ကိုစွန့်လွှတ်ခဲ့သည့် သူရဲကောင်းများကို ဂုဏ်ပြုရန်၊ ယင်းသူရဲကောင်းများအား နောင်လာနောက်သားများ အမြဲအမှတ်ရနေစေရန်နှင့် မျိုးဆက်သစ်လူငယ်များ၏ စိတ်ထဲတွင် နိုင်ငံတော်ကိုချစ်သည့်စိတ်နှင့် နိုင်ငံတော်အတွက်စွန့်လွှတ်စွန့်စားလိုသည့် စိတ်ဓာတ်များ ရှင်သန်ကိန်းအောင်းလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ လမ်းညွှန်ချက် အရ ၂၀၁၇ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့တွင် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ ဗိမာန်အတွင်းနံရံများ၌ နိုင်ငံတော်ကာကွယ်ရေးတာဝန်များကိုထမ်းဆောင်ရင်း အသက်စွန့်လှုတ်ပေးလှူခဲ့ရသည့် အောင်ဆန်းသူရိယဘွဲ့ရရှိခဲ့သူ၊ သီဟသူရဘွဲ့ရရှိခဲ့သူ၊ သူရဘွဲ့ရရှိခဲ့သူ၊ သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ရရှိခဲ့သူများ၏ အမည်များကို ဂရင်းနိုက်ကျောက်ပြားပေါ်၌ ရွှေစာလုံးများဖြင့် ရေးထွင်းမှတ်တမ်းတင် ဂုဏ်ပြုထားရှိကြောင်းနှင့် ဗိမာန်၏အပြင်ဘက်တွင်လည်း အောင်ဆန်းသူရိယဘွဲ့ရရှိခဲ့သူ စစ်သည် ၅ ဦးနှင့် အရပ်သားတစ်ဦး တို့၏ ပုံတူများကို ဂုဏ်ပြုစိုက်ထူထားရှိကြောင်း သတင်းရရှိသည်။ (၁၀၀)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး နှစ်(၈၀)ပြည့် တပ်မတော်နေ့အခမ်းအနားသို့ တက်ရောက်ကြသည့် လွတ်လပ်ရေးမော်ကွန်းဝင်ပုဂ္ဂိုလ်များအား ဂါရဝပြုတွေ့ဆုံ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်တို့ လွတ်လပ်ရေးမော်ကွန်းဝင် ပုဂ္ဂိုလ်များနှင့်အတူ လက်ဖက်ရည်နှင့် စားသောက်ဖွယ်ရာများအား အတူတကွသုံးဆောင်စဉ်။

နေပြည်တော် မတ် ၂၇

နှစ်(၈၀)ပြည့် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ကြသည့် လွတ်လပ်ရေးမော်ကွန်းဝင်ပုဂ္ဂိုလ် ဒုတိယအဆင့် ၂ ဦးနှင့် တတိယအဆင့် ၁ ဦး စုစုပေါင်း ၃ ဦးတို့အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်တို့က ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ဧည့်ခန်းမဆောင်၌ လက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံ၍ ဂါရဝပြုတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်ဇနီး၊ ညွှန်ကြားမှုးချုပ်(ကြည်း၊ ရေ၊ လေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများက လွတ်လပ်ရေးမော်ကွန်းဝင်ပုဂ္ဂိုလ်များ၏ ကျန်းမာရေးအခြေအနေများအား တစ်ဦးချင်းမေးမြန်းအားပေးစကားပြောကြားပြီး **စာမျက်နှာ ၄ သို့** ❑



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း လွတ်လပ်ရေးမော်ကွန်းဝင် (ဒုတိယအဆင့်)ဦးကျော်စိန်အား ဂါရဝပြုချီးမြှင့်ငွေနှင့် အားဖြည့်ငှက်သိုက်များကို ကိုယ်တိုင်ကိုယ်ကျပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း လွတ်လပ်ရေးမော်ကွန်းဝင်(တတိယအဆင့်) ဦးအေးသိန်းအား ဂါရဝပြုချီးမြှင့်ငွေနှင့် အားဖြည့်ငှက်သိုက်များကို ကိုယ်တိုင်ကိုယ်ကျပေးအပ်စဉ်။

၂၀၂၅ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့တွင်ကျင်းပသော နှစ်(၈၀)ပြည့် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားဦး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် ပြောကြားသည့်မိန့်ခွန်း

၂၀၂၅ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့တွင် ကျင်းပသော နှစ်(၈၀)ပြည့်တပ်မတော်နေ့စစ်ရေးပြအခမ်းအနားဦး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် ပြောကြားသည့်မိန့်ခွန်း

ရဲဘော်တို့

ဒီနေ့ဟာ နယ်ချဲ့လွတ်မြောက်ရေးလှုပ်ရှားမှုနဲ့ စတင်သန္ဓေတည်ခဲ့ပြီး လွတ်လပ်ရေးကြိုးပမ်းမှုနဲ့အတူပေါ်ပေါက်လာတဲ့ ဒို့တပ်မတော်ရဲ့ နှစ်(၈၀)ပြည့်တပ်မတော်နေ့ဖြစ်တယ်။ တစ်နည်းအားဖြင့် တပ်မတော်ဟာ သူတစ်ပါး ဩဇာခံဘဝကနေ ကိုယ်ပိုင်ဆုံးဖြတ်နိုင်စွမ်းရှိတဲ့ အမျိုးသားတပ်မတော် အဖြစ်ကူးပြောင်းခဲ့တာကို ကမ္ဘည်းမော်ကွန်းတင်ခဲ့တဲ့နေ့ဖြစ်သလို နိုင်ငံ့လွတ်လပ်ရေးအတွက် တပ်မတော်နဲ့ တိုင်းရင်းသားပြည်သူတွေ လက်တွဲပြီး ဖက်ဆစ်ဝါဒီတွေကို စတင်တွန်းလှန်မောင်းထုတ်ခဲ့တဲ့ ၁၉၄၅ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့ကိုဂုဏ်ပြုတဲ့ နေ့ထူးနေ့မြတ်လည်းဖြစ်တယ်။ ဒို့တပ်မတော်ရဲ့သမိုင်းကြောင်းဟာ မျက်မှောက်ခေတ် နိုင်ငံတော်ဖြတ်သန်းလာခဲ့ရတဲ့သမိုင်းကြောင်းနဲ့ တစ်သားတည်းဆက်စပ်နေတာကြောင့် နှစ်(၈၀)ပြည့်မြောက်တဲ့ ဒီနေ့ဟာ ဒို့တပ်မတော်အတွက် ထူးခြားလေးနက်တဲ့နေ့တစ်နေ့ဖြစ်လို့ ဒီလိုသမိုင်းဝင်နေ့ထူးနေ့မြတ်မှာ ရဲဘော်တို့ကိုသိသင့်သိထိုက်တာတွေ အလေးထားမှာကြားသွားမှာဖြစ်တယ်။

ရဲဘော်တို့

ဒို့နိုင်ငံရဲ့သမိုင်းကြောင်းကိုပြန်ကြည့်ရင် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ခိုင်မာအားကောင်းတဲ့ကာလတွေမှာ ပထမမြန်မာနိုင်ငံတော်၊ ဒုတိယမြန်မာနိုင်ငံတော်၊ တတိယမြန်မာနိုင်ငံတော်ရယ်လို့ ထည်ဝါခဲ့ညားစွာရပ်တည်နိုင်ခဲ့တာကိုတွေ့ရှိရတယ်။ ကိုလိုနီနယ်ချဲ့တွေဟာ သယံဇာတပေါကြွယ်ဝတဲ့ ဒို့နိုင်ငံကို ၁၈၂၄ ခုနှစ်၊ ၁၈၅၂ ခုနှစ်နဲ့ ၁၈၈၅ ခုနှစ် တို့မှာ မတရားကျူးကျော်စစ် ၃ ကြိမ်တိုင်တိုင် ဆင်နွှဲခဲ့တာကြောင့် နိုင်ငံတော်ရဲ့ လွတ်လပ်ရေးနဲ့အချုပ်အခြာအာဏာလုံးဝလက်လွတ်ဆုံးရှုံးခဲ့ရတယ်။ ဒို့နိုင်ငံကိုလိုနီဘဝကျရောက်ခဲ့ချိန်မှာတော့ နယ်ချဲ့တွေဟာ ကာလကြာရှည်ကျွန်ပြုနိုင်ဖို့အတွက် ပရိယာယ်အမျိုးမျိုးနဲ့ သွေးခွဲအုပ်ချုပ်မှုတွေ ပြုလုပ်ခဲ့ကြတယ်။ ဒီလိုသွေးခွဲအုပ်ချုပ်မှုတွေကြောင့် ဖြစ်ပေါ်လာတဲ့ တိုင်းရင်းသားတွေအကြား အချင်းချင်းမယုံကြည်မှုတွေဟာ လွတ်လပ်ရေးရပြီးချိန်မှာ အယူဝါဒကွဲပြားမှုတွေနဲ့ ရောယှက်ပြီး ကြီးမားတဲ့လက်နက်ကိုင်ပဋိပက္ခကိုဖြစ်စေခဲ့တယ်။ ပြည်တွင်းလက်နက်ကိုင်သောင်းကျန်းမှုဟာ ၁၉၄၉ ခုနှစ်မှာ ပိုမိုဆိုးရွားလာခဲ့တာကြောင့် ဒို့တပ်မတော်အနေနဲ့ ရန်ကုန်အစိုးရလို့ခေါ်ရတဲ့အနေအထားကနေ အသက်၊ သွေး၊ ချွေးများစွာ ပေးဆပ်ပြီး တိုင်းပြည်ကိုကယ်တင်ပေးနိုင်ခဲ့တယ်။

တပ်မတော်အနေနဲ့ ပြည်တွင်းသောင်းကျန်းမှုတွေအပြင် တရုတ်ဖြူ(ကူမင်တန်)နဲ့မူဂျာဟစ်ကုလားဆိုးတွေရဲ့ ပြည်ပကျူးကျော်မှုတွေ နှိမ်နင်းခဲ့ရတာ စွဲစွဲမြဲမြဲမှတ်ထားကြဖို့လိုသလို အဲဒီအချိန် အဲဒီကာလမှာ ပါတီအကွဲအပြဲတွေကြောင့် ဖြစ်ပေါ်လာတဲ့ နိုင်ငံရေးအကျပ်အတည်းကိုလည်း အိမ်စောင့်အစိုးရအဖြစ် ၁၉၅၈ ခုနှစ်မှာတာဝန်ယူပြီး နိုင်ငံတော်ကြီး တည်ငြိမ်အောင် အခက်ခဲမျိုးစုံကြားက ဖြေရှင်းဆောင်ရွက်ပေးခဲ့ရတယ်။ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရဲ့အားနည်းချက်ကြောင့် တိုင်းပြည်ပြိုကွဲမယ့်အန္တရာယ်နဲ့ ကြုံတွေ့ခဲ့ရတဲ့ ၁၉၆၂ ခုနှစ်မှာလည်း တပ်မတော်ကပဲ ကာကွယ်စောင့်ရှောက်ပေးခဲ့ရပြန်တယ်။

ဒါ့အပြင် ၁၉၈၀ အလွန်ကာလ အဲဒီအချိန်က အာဏာရပါတီရဲ့ အားနည်းချက်တွေကြောင့် ၁၉၈၈ ခုနှစ်မှာ ဆူပူအုံကြွမှုတွေနဲ့ မင်းမဲ့စရိုက်ဆန်တဲ့အပြုအမူတွေဖြစ်ပေါ်လာပြီး အုပ်ချုပ်ရေးယန္တရားတွေ ထိခိုက်ပျက်စီးလာချိန်မှာလည်း တပ်မတော်ကပဲ တာဝန်ယူထိန်းသိမ်းစောင့်ရှောက်ပေးခဲ့ရတယ်။ ၂၀၁၀ ပြည့်နှစ်မှာတော့ ပြည်သူအများလိုလားတဲ့ ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို တပ်မတော်ကပံ့ပိုးပေးခဲ့ပြီး ဒီမိုကရေစီအစိုးရ ၂ ဆက်မှာ ပါတီစုံဒီမိုကရေစီစနစ် ရှင်သန်စေရေးအတွက် တပ်မတော်အနေနဲ့ ၂၀၁၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ဘက်ပေါင်းစုံကနေ ပူးပေါင်းဆောင်ရွက်ပေးခဲ့တယ်။

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲမှာ အာဏာရပါတီဟာ အလွန်ရုပ်ဆိုးအကျည်းတန်တဲ့ မဲမသမာမှုတွေကို ပြုလုပ်ခဲ့ကြတယ်။ ဒီလုပ်ရပ်ဟာ ဒီမိုကရေစီရဲ့အနှစ်သာရဖြစ်တဲ့ တရားမျှတပြီး စစ်မှန်တဲ့ရွေးကောက်ပွဲတစ်ခုမဖြစ်ခဲ့ဘဲ ပါတီစုံဒီမိုကရေစီစနစ်ကို ပျက်ယွင်းစေတဲ့ မရိုးသားတဲ့နိုင်ငံရေးလုပ်ရပ်ဖြစ်ခဲ့တယ်။ တပ်မတော်အနေနဲ့ဖြေရှင်းဆောင်ရွက်ပေးဖို့ တရားဥပဒေနဲ့အညီတောင်းဆိုခဲ့ပေမယ့်လည်း တောင်းဆိုချက်တွေကိုလျစ်လျူရှုပြီး လွတ်တော်ခေါ်၊ နိုင်ငံတော်အာဏာကို မတရားတဲ့နည်းလမ်းနဲ့အဓမ္မရယူဖို့လုပ်ဆောင်ခဲ့တယ်။ ဒါကြောင့် ဒို့တပ်မတော်အနေနဲ့ နိုင်ငံတော်ကို အရေးပေါ်အခြေအနေကြေညာပြီး နိုင်ငံ့တာဝန်တွေကိုထမ်းဆောင်ခဲ့ရတာဖြစ်တယ်။ ဒို့တပ်မတော်အနေနဲ့လွတ်လပ်ရေးကြိုးပမ်းမှုကာလကနေ လက်ရှိအချိန်အထိ ခေတ်အဆက်ဆက်မှာ ဒို့တာဝန်အရေးသုံးပါးကိုထိပါးလာမယ့်အန္တရာယ်တွေနဲ့ ကြုံတွေ့လာရတိုင်း နိုင်ငံတော်နဲ့ပြည်သူအတွက် စွမ်းစွမ်းတမံကာကွယ်စောင့်ရှောက်ပေးခဲ့သလို အနာဂတ်ကာလမှာလည်း ဆက်လက်ကာကွယ်စောင့်ရှောက်သွားမှာဖြစ်ကြောင်း ပြောကြားလိုတယ်။



ရဲဘော်တို့

ဒို့နိုင်ငံမှာခေတ်စနစ်ရဲ့တောင်းဆိုချက်အရ ပြည်သူလူထုရဲ့လိုအင်ဆန္ဒနဲ့အညီ ပါတီစုံဒီမိုကရေစီစနစ်နဲ့ ဈေးကွက်စီးပွားရေးစနစ်တို့ကိုဖော်ဆောင်နိုင်ဖို့ နိုင်ငံတော်အတွက် မရှိမဖြစ်လိုအပ်နေတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပပြုလုပ်ပြီး ၂၀၀၈ ခုနှစ်၊ မေလ ၂၉ ရက်နေ့မှာ အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့တယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ တစ်ဦးတစ်ယောက်၊ အဖွဲ့အစည်းတစ်ခုရဲ့ သဘောဆန္ဒအရရေးဆွဲထားခြင်းမဟုတ်ဘဲ နယ်ပယ်ကဏ္ဍအသီးသီးကကိုယ်စားလှယ် ၁၀၀၀ ကျော်ပါတဲ့ အစုအဖွဲ့ ၈ ဖွဲ့နဲ့ အမျိုးသားညီလာခံတစ်ရပ်ကျင်းပပြီး ဖြတ်သန်းခဲ့ရတဲ့သမိုင်းကြောင်းများအပေါ်မှာ ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးရေးဆွဲခဲ့ကြတာဖြစ်တယ်။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ ပုဒ်မ ၂၀(စ)မှာ "တပ်မတော်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန် အဓိကတာဝန်ရှိသည်" လို့ အတိအလင်းပြဋ္ဌာန်းထားတာနဲ့အညီ ဒို့တပ်မတော်အနေနဲ့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်လျက်ရှိတယ်။ ဒါ့အပြင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ ပုဒ်မ ၆(စ)မှာ "နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်ကပါဝင်ထမ်းဆောင်နိုင်ရေးကို အစဉ်တစိုက် ဦးတည်သည်" ဆိုတဲ့ ပြဋ္ဌာန်းချက်နဲ့အညီ ဒို့တပ်မတော်ဟာ အမျိုးသားနိုင်ငံရေးတာဝန်ကိုလည်း ကျေပွန်စွာထမ်းဆောင်လျက်ရှိတယ်။ အမျိုးသားနိုင်ငံရေးဆိုတာ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဆိုတဲ့ ဒို့တာဝန်အရေးသုံးပါးအပေါ်မှာအခြေခံပြီး နိုင်ငံတော်နဲ့ပြည်သူလူထုရဲ့အကျိုးစီးပွားကိုသာ အစဉ်ရှေးရှုဖော်ဆောင်ဖို့ရည်ရွယ်တဲ့ ထာဝရတည်မြဲသောနိုင်ငံရေးပဲဖြစ်တယ်။ တစ်နည်းအားဖြင့် အမျိုးသားနိုင်ငံရေးဆိုတာ ပါတီနိုင်ငံရေးမဟုတ်ဘဲ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးကိုဆောင်ရွက်တဲ့ နိုင်ငံ့အရေးဖြစ်ကြောင်း ပြောကြားလိုတယ်။

ရဲဘော်တို့

တပ်မတော်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကိုဖွဲ့စည်းပြီး နိုင်ငံ့တာဝန်ထမ်းဆောင်ခဲ့ချိန် အစောပိုင်းကာလမှာ ဆူပူဆန္ဒပြမှုတွေ သာဖြစ်ပေါ်ခဲ့ပေမယ့် အဲဒီအချိန်က လွတ်တော်ကိုယ်စားလှယ်လောင်းအချို့ဟာ နိုင်ငံရေးကြောင့်ဖြစ်ပေါ်လာတဲ့ပြဿနာကို ဥပဒေနဲ့အညီဖြေရှင်းလိုခြင်းမရှိဘဲ လူထုရဲ့စိတ်ခံစားချက်ကိုအသုံးချပြီး အကြမ်းဖက်မှုတွေဖြစ်ပေါ်လာအောင် ဆင်ခြင်တုံတရားကင်းမဲ့စွာ သွေးထိုးလှုံ့ဆော်လာခဲ့ကြတယ်။ အဲဒီကမှတစ်ဆင့် NUG၊ CRPH နဲ့ PDF အမည်ခံအကြမ်းဖက်အဖွဲ့တွေ ဖွဲ့စည်းပြီး နိုင်ငံတစ်ဝန်းအကြမ်းဖက်မှုတွေ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်လာအောင်လုပ်ဆောင်ခဲ့တာကို တွေ့ရမှာပဲ ဖြစ်တယ်။ အဲဒါတွေနဲ့အတူ နိုင်ငံတော်အကျိုးကိုမလိုလားတဲ့ ပြည်ဖျက်မီဒီယာတွေဟာလည်း ဖြစ်ပေါ်နေတဲ့နိုင်ငံရေးအကျပ်အတည်းကို ပိုမိုကြီးထွားလာစေဖို့ အထောက်အပံ့မျိုးစုံရယူပြီး မဟုတ်မမှန်သတင်းတွေနဲ့ ဝါဒဖြန့်ချိမှုတွေ လုပ်ဆောင်လာခဲ့ကြတယ်။ အစိုးရအုပ်ချုပ်မှုယန္တရားတွေ ဆက်ပြီးမလည်ပတ်နိုင်စေဖို့နဲ့ ဝန်ထမ်းတွေကို နိုင်ငံတော်နဲ့ပြည်သူအပေါ် သစ္စာမဲ့ကာ စွန့်ခွာသွားစေဖို့ လှုံ့ဆော်တာတွေလုပ်ဆောင်ခဲ့ကြသလို တစ်ဖက်ကလည်း ခံယူချက်သဘောထားအမြင်ချင်းမတူညီသူတွေ၊ သူတို့ကိုမထောက်ခံတဲ့သူတွေကို ဒလန်ခေါင်းစဉ်တပ်ပြီး ရက်ရက်စက်စက် သတ်ဖြတ်ခြင်းဖြင့် ပြည်သူတွေကြားမှာ အကြောက်တရားကြီးစိုးလာအောင် ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်လာခဲ့ကြတယ်။ တစ်နည်းအားဖြင့် နိုင်ငံရေးရည်မှန်းချက်ကို လက်နက်ကိုင်အကြမ်းဖက်နည်းလမ်းနဲ့ရယူဖို့ ပြည်ပအထောက်အပံ့တွေနဲ့အတူ ကြိုးစားလာခဲ့ခြင်းဖြစ်တယ်။

ဒါ့အပြင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအချို့ဟာလည်း နိုင်ငံအတွင်းဖြစ်ပေါ်လာတဲ့ နိုင်ငံရေးပြဿနာကိုအခွင့်ကောင်းယူပြီး PDF အမည်ခံအကြမ်းဖက်သမားတွေနဲ့ နိုင်ငံတော်လုံခြုံရေးနဲ့တည်ငြိမ်အေးချမ်းရေးပျက်ပြားအောင် နည်းလမ်းပေါင်းစုံနဲ့လုပ်ဆောင်ခဲ့ကြတယ်။ အပြစ်မဲ့ပြည်သူတွေကို ညှဉ်းပန်းနှိပ်စက်သတ်ဖြတ်တာတွေ၊ သူတို့အလိုကျပူးပေါင်းဆောင်ရွက်ခြင်းမပြုတဲ့ မြို့ရွာတွေကို ပစ်ခတ်တိုက်ခိုက်တာတွေ၊ မီးရှို့ဖျက်ဆီးတာတွေ၊ နိုင်ငံပိုင်အဆောက်အဦ၊ လမ်း၊ တံတား၊ ယာဉ်နဲ့ လျှပ်စစ်တာဝါတိုင်တွေကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးတာတွေ စတဲ့အကြမ်းဖက်လုပ်ရပ်တွေကို အရှိန်မြှင့်လုပ်ဆောင်ခဲ့ကြတယ်။ အထူးသဖြင့် လက်နက်ကိုင်အကြမ်းဖက်လမ်းစဉ်ကျင့်သုံးနေတဲ့ အကြမ်းဖက်သောင်းကျန်းသူတွေဟာ ထာဝရငြိမ်းချမ်းရေးရရှိပြီး ပြည်ထောင်စုနဲ့အတူ ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်မှာ ပါဝင်လျှောက်လှမ်းရေးထက် နယ်မြေအလိုက် နယ်တစ်နယ် ဓားတစ်စင်း စစ်ဘုရင်ဝါဒကိုသာ ကျင့်သုံးလိုချင်တာကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိခိုက်လာနိုင်တဲ့အခြေအနေတွေဖြစ်ပေါ်ခဲ့ရတယ်။

"ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်" ဆိုတဲ့စကားအတိုင်း ပြည်ထောင်စုဖွားတိုင်းရင်းသားတွေအားလုံးရဲ့ စည်းလုံးညီညွတ်မှုအင်အားတွေနဲ့အတူ တက်ညီလက်ညီ အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်မှသာ မိမိတို့ရည်မှန်းထားတဲ့ ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုကြီးကို ခိုင်ခိုင်မာမာတည်ဆောက်နိုင်မှာဖြစ် . . .

နယ်မြေဒေသအလိုက် အာဏာရရှိဖို့ကြိုးစားနေကြတဲ့ အကြမ်းဖက်သောင်းကျန်းသူတွေရဲ့ တိုက်ပွဲဖော်ဆောင်လာမှုတွေဟာ အပြစ်မဲ့ပြည်သူတွေရဲ့ အသက်အိုးအိမ်ပစ္စည်းဥစ္စာတွေနဲ့ မြို့ရွာတွေပျက်စီးဆုံးရှုံးခဲ့ရတဲ့အတွက် ပြည်သူအားလုံးက အလွန်ရွံရှာစက်ဆုပ်မုန်းတီးနေကြပြီဖြစ်တယ်။ ဒါကြောင့် အပြစ်မဲ့ပြည်သူတွေအပေါ် အကြမ်းဖက်တိုက်ခိုက်နေမှုတွေကိုလက်မခံနိုင်သလို ဒို့တာဝန်အရေးသုံးပါးကိုထိပါးလာတဲ့ လက်နက်ကိုင်အကြမ်းဖက်လမ်းစဉ်တွေကိုလည်း လုံးဝလက်သင့်ခံလို့ မရတဲ့အတွက် တပ်မတော်အနေနဲ့ပြည်သူလူထုတစ်ရပ်လုံးရဲ့ပူးပေါင်းပါဝင်မှုနဲ့အတူ တရားသောစစ်ကိုဆက်လက်ဆင်နွှဲသွားမှာဖြစ်တယ်။

စာမျက်နှာ ၇ သို့ ■

■ စာမျက်နှာ ၆ မှအဆက်

မြန်မာ့သမိုင်းမှာ အကြမ်းဖက်လမ်းစဉ်ကျင့်သုံးပြီး အကျပ်ကိုင်တောင်းဆိုခဲ့တဲ့ဖြစ်စဉ်တိုင်းမှာ တပ်မတော်အနေနဲ့ အလျှော့ပေးလက်ခံခဲ့တဲ့အစဉ်အလာမရှိတာကြောင့် ပြည်သူတွေရဲ့အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ဖို့နဲ့ ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ဖို့အတွက် ရဲဘော်တို့အနေနဲ့ အသက်ကိုပဓာနမထားဘဲ စွန့်လွှတ်စွန့်စားတဲ့စိတ်ဓာတ်နဲ့ နိုင်ငံတော်ကာကွယ်ရေးတာဝန်တွေကို ကျေပွန်စွာထမ်းဆောင်သွားကြဖို့ အလေးထားမှာကြားလိုတယ်။

ရဲဘော်တို့

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနဲ့ တရားဥပဒေစိုးမိုးရေးအတွက် လုပ်ဆောင်ရာမှာ ပြည်သူတွေရဲ့ပူးပေါင်းဆောင်ရွက်မှုတွေရှိဖို့လိုအပ်တာကြောင့် ပြည်သူတစ်ဦးချင်းစီနဲ့ သက်ဆိုင်ရာလုံခြုံရေးတာဝန်ရှိသူတွေပူးပေါင်းပြီး လုံခြုံရေးအသိရှိရှိဆောင်ရွက်နိုင်ဖို့ ပြည်သူ့လုံခြုံရေးစနစ်ကို ဖော်ဆောင်လျက်ရှိတယ်။ ဒီလိုဖော်ဆောင်ရာမှာ ပြည်သူလူထု၊ အုပ်ချုပ်ရေးအဖွဲ့အစည်းတွေနဲ့ လုံခြုံရေးတာဝန်ရှိသူအားလုံးက ညီညီညွတ်ညွတ်၊ စည်းစည်းလုံးလုံးနဲ့ အတူတကွ ပူးပေါင်းဆောင်ရွက်သွားရမှာဖြစ်တယ်။

ဒါ့အပြင် နိုင်ငံသားတိုင်းဟာ နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်ဖို့ တာဝန်ရှိတာနဲ့အညီ သတ်မှတ်ထားတဲ့အသက်အရွယ်နဲ့အကျုံးဝင်တဲ့ နိုင်ငံသားတိုင်း နိုင်ငံတော်ကာကွယ်ရေးတာဝန်တွေကို ထမ်းဆောင်ခွင့်ရရှိရေးအတွက် ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်မှာ စတင်အသက်သွင်းခဲ့ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိတယ်။ ပြည်သူ့စစ်မှုထမ်းတွေဟာ အလွှာပေါင်းစုံကဝင်ရောက်တာဝန်ထမ်းဆောင်ကြသူတွေဖြစ်ပေမယ့်လည်း အတူစုပေါင်းလေ့ကျင့်မှုတွေပြုလုပ်ခဲ့တာကြောင့် အရောင်အသွေးတူ၊ အတွေးအမြင်တူ၊ ယုံကြည်ချက်၊ ခံယူချက်တူညီသူတွေဖြစ်လာပြီးတော့ နောင်တော် တပ်မတော်သားတွေနဲ့အတူလက်တွဲပြီး နိုင်ငံတစ်ဝန်း တာဝန်ကျရာ တပ်အသီးသီးမှာ ကိုယ်စီတာဝန်တွေထမ်းဆောင်နေကြပြီဖြစ်တယ်။ ဒါကြောင့် တာဝန်သိနိုင်ငံ့သားကောင်းတွေဟာ ပြည်သူ့စစ်မှုထမ်းတွေအဖြစ် ခိုင်မာတဲ့အင်အားစုတစ်ရပ်အနေနဲ့ နိုင်ငံတော်ကာကွယ်ရေးတာဝန်တွေကိုထမ်းဆောင်နေကြပြီဖြစ်ကြောင်း ဂုဏ်ယူစွာနဲ့ပြောကြားလိုတယ်။

ရဲဘော်တို့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေးနဲ့ ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ပြည်ထောင်စုတည်ဆောက်ရေးဆိုတဲ့ နိုင်ငံရေးရည်မှန်းချက် ၂ ရပ်ကိုခိုင်မာစွာအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိတယ်။ နိုင်ငံတော်အစိုးရကချမှတ်ထားတဲ့ နိုင်ငံရေးရည်မှန်းချက်တွေကို အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်တဲ့နေရာမှာ ဒို့တပ်မတော်အနေနဲ့ ကျရာကဏ္ဍကနေ ပါဝင်ဆောင်ရွက်သွားကြရမှာဖြစ်တယ်။

ဒီမိုကရေစီနဲ့ဖက်ဒရယ်ကိုအခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်နိုင်ရေးအတွက် နိုင်ငံသူနိုင်ငံသားအားလုံး စည်းလုံးညီညွတ်စွာနဲ့ ပြည်ထောင်စုစိတ်ဓာတ်ကိုအရင်းတည်ပြီး နိုင်ငံတော်ကိုဝိုင်းဝန်းကာကွယ်စောင့်ရှောက်သွားကြဖို့လိုအပ်တယ်။ **ပြည်ထောင်စုစိတ်ဓာတ်ဟာအတိတ်သမိုင်းရဲ့လွတ်လပ်ရေးကြိုးပမ်းမှုမှာအရင်းခံဖြစ်ခဲ့သလို အနာဂတ်ဒီမိုကရေစီနိုင်ငံတော်အတွက်လည်း အခြေခံအုတ်မြစ်ဖြစ်**တယ်။ ဒို့နိုင်ငံမှာ တိုင်းရင်းသားအားလုံးဟာ တစ်မြေတည်းနေ တစ်ရေတည်းသောက်သူတွေဖြစ်လို့ အရေးကြုံလာရင် ပူးပေါင်းဆောင်ရွက်လိုတဲ့ စိတ်ဓာတ်နဲ့တောင်ပေါ်မြေပြန့်မခွဲခြားဘဲ အေးအတူပူအမျှ တစ်သွေးတည်း တစ်သားတည်းရှိတယ်ဆိုတဲ့ စိတ်ဓာတ်တွေရှိဖို့ အရေးကြီးဆုံးနဲ့အလိုအပ်ဆုံးဖြစ်တယ်ဆိုတာပြောကြားလိုတယ်။ "ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်"ဆိုတဲ့စကားအတိုင်း ပြည်ထောင်စုဖွားတိုင်းရင်းသားတွေအားလုံးရဲ့ စည်းလုံးညီညွတ်မှုအင်အားတွေနဲ့အတူ တက်ညီလက်ညီ အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်မှသာ မိမိတို့ရည်မှန်းထားတဲ့ ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ပြည်ထောင်စုကြီးကို ခိုင်ခိုင်မာမာတည်ဆောက်နိုင်မှာဖြစ်ကြောင်း အလေးထားပြောကြားလိုတယ်။

ဒီလိုတည်ဆောက်နိုင်ဖို့လုပ်ဆောင်ရာမှာ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးနဲ့ ထာဝရငြိမ်းချမ်းရေးရရှိရေးဟာ အလွန်အရေးကြီးတယ်။ ဒို့တပ်မတော်အနေနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေနဲ့ပတ်သက်ရင် ၂၀၁၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ပါသဘောတူညီချက်တွေအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမှာဖြစ်တယ်။ ဒါ့အပြင် လက်နက်ကိုင်လမ်းစဉ်နဲ့အကြမ်းဖက်လမ်းစဉ်တွေကြောင့် နိုင်ငံတော်မှာဖြစ်ပေါ်ခဲ့ရတဲ့ဆုံးရှုံးနစ်နာမှုတွေကိုထောက်ရှုပြီး ထာဝရငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို ပြည်သူတွေနဲ့အတူ လက်တွဲဖော်ဆောင်နိုင်ဖို့အတွက် နိုင်ငံတော်ကို ဆန့်ကျင်တိုက်ခိုက်နေတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေ၊ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အစည်းတွေ၊ အကြမ်းဖက် PDF အဖွဲ့တွေအနေနဲ့ လက်နက်ကိုင်အကြမ်းဖက်တိုက်ခိုက်တဲ့လမ်းစဉ်ကို စွန့်လွှတ်ပြီး ပါတီနိုင်ငံရေးလမ်းကြောင်းနဲ့ ရွေးကောက်ပွဲလမ်းကြောင်းတွေကတစ်ဆင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းနဲ့ဖြေရှင်းဆောင်ရွက်နိုင်ဖို့ ဖိတ်ခေါ်ကမ်းလှမ်းထားပြီးဖြစ်တယ်။ နိုင်ငံရေးနည်းလမ်းကို စားပွဲဝိုင်းပေါ်မှာတွေ့ဆုံဆွေးနွေးခြင်းနဲ့သာ အဖြေရှာနိုင်မှာဖြစ်တာကြောင့် ငြိမ်းချမ်းရေးဆွေးနွေးမှုတွေကို အမြဲတမ်းကြိုဆိုလမ်းဖွင့်ထားကြောင်း ထပ်မံအသိပေးပြောကြားလိုတယ်။

ရဲဘော်တို့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ နိုင်ငံတော်တာဝန်ကို စတင်ထမ်းဆောင်ချိန်ကစပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနဲ့ ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေးအတွက် ရှေ့လုပ်ငန်းစဉ်နဲ့ ဦးတည်ချက်တွေချမှတ်ဆောင်ရွက်ခဲ့တယ်။ ချမှတ်ထားတဲ့ရှေ့လုပ်ငန်းစဉ်(၅)ရပ်အရ လွတ်လပ်ပြီးတရားမျှတတဲ့ ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးနဲ့ ရွေးကောက်ပွဲကထွက်ပေါ်လာတဲ့အစိုးရကို နိုင်ငံတော်အာဏာလွှဲအပ်နိုင်ရေးဦးတည်ထားပြီး ရွေးကောက်ပွဲကို သတ်မှတ်ကာလအတွင်း ပြန်လည်ကျင်းပပေးဖို့ တစိုက်မတ်မတ်ချမှတ်ထားတယ်။

နိုင်ငံ့တာဝန်ထိန်းသိမ်းပေးနေတဲ့ တပ်မတော်ရဲ့ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ ယခုနှစ် ဒီဇင်ဘာလမှာ ရွေးကောက်ပွဲကျင်းပဖို့ ပြင်ဆင်မှုတွေဆောင်ရွက်လျက်ရှိရာ ၂၀၁၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအပါအဝင် ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေတွေနဲ့အညီ ဒေသအလိုက် လုံခြုံရေးအခြေအနေတွေအပေါ်မူတည်ပြီး ရွေးကောက်ပွဲကိုကျင်းပပြုလုပ်သွားမှာဖြစ်လို့ လိုအပ်တဲ့ပြင်ဆင်မှုတွေကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိတယ်။ တစ်နည်းအားဖြင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး မဲပေးခွင့်ရရှိဖို့၊ ပြည်သူလူထုရဲ့ စစ်မှန်တဲ့လိုလားချက်ဖြစ်တဲ့ လွတ်လပ်ပြီးတရားမျှတတဲ့ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲဖြစ်စေဖို့နဲ့ ဂုဏ်သိက္ခာရှိတဲ့ရွေးကောက်ပွဲဖြစ်ဖို့ ဆောင်ရွက်နေတယ်။

ရဲဘော်တို့

ဒို့တပ်မတော်ရဲ့အဓိကတာဝန်ဖြစ်တဲ့ နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ကျေပွန်စွာထမ်းဆောင်နိုင်ဖို့အတွက် တပ်တိုင်း ရဲဘော်တိုင်းမှာ "စိတ်ဓာတ်၊ စည်းကမ်း၊ သစ္စာ၊ စည်းလုံးမှု၊ စွမ်းရည်သုံးရပ်ပြည့်စုံမှု" ဆိုတဲ့ အခြေခံအရည်အချင်း(၅)ပါးနဲ့ ပြည့်စုံဖို့လိုအပ်တယ်။ အဲဒီအခြေခံအရည်အချင်းတွေနဲ့ပြည့်စုံပြီး အင်အားတောင့်တင်းတဲ့တပ်မတော်တစ်ရပ်ဖြစ်လာစေဖို့အတွက် "လေ့ကျင့်ရေးနှင့်တည်ဆောက်၊ အုပ်ချုပ်ရေးနှင့်တည်ဆောက်၊ သက်သာချောင်ချိရေးနှင့်တည်ဆောက်၊ စိတ်ဓာတ်နှင့်တည်ဆောက်" ဆိုတဲ့ တပ်တည်ဆောက်ရေးလုပ်ငန်းကြီး(၄)ရပ်နဲ့အညီ တည်ဆောက်သွားရမှာဖြစ်တယ်။

တပ်တည်ဆောက်ရေးလုပ်ငန်းကြီး (၄) ရပ်ဟာ တစ်ခုနဲ့တစ်ခု ဆက်စပ်လျက်ရှိပြီး တပ်တွေရဲ့လေ့ကျင့်မှုတွေမှန်ကန်မယ်၊ အုပ်ချုပ်ထောက်ပံ့မှုတွေကောင်းမွန်မယ်၊ သက်သာချောင်ချိရေးဆောင်ရွက်ပေးမှုတွေပြည့်ဝနေမယ်ဆိုရင် တပ်ဖွဲ့ဝင်တွေနဲ့ မိသားစုဝင်တွေရဲ့ တပ်ရင်း၊ တပ်ဖွဲ့တွေအပေါ် ခင်မင်တွယ်တာမှု၊ တပ်မတော်အပေါ်လေးစားယုံကြည်အားကိုးမှု၊ တပ်မတော်နဲ့ နိုင်ငံတော်အတွက် စွန့်လွှတ်အနစ်နာခံလိုမှု စတဲ့စိတ်ဓာတ်ကောင်းတွေဖြစ်ပေါ်လာမှာပဲဖြစ်တယ်။ အဲဒီလိုစိတ်ဓာတ်ကောင်းတွေနဲ့အတူ စည်းလုံးညီညွတ်မှုခိုင်မာအားကောင်းတဲ့တပ်ဖွဲ့တစ်ခုကို တည်ဆောက်ထားနိုင်မှသာ နိုင်ငံတော်နဲ့တပ်မတော်ကပေးအပ်လာတဲ့တာဝန်တွေကို ကျေပွန်စွာထမ်းဆောင်နိုင်မှာဖြစ်လို့ တပ်တည်ဆောက်ရေးလုပ်ငန်းကြီး(၄)ရပ်ကို အလေးထားဆောင်ရွက်သွားကြဖို့ တိုက်တွန်းမှာကြားလိုတယ်။

ရဲဘော်တို့

ဒို့တပ်မတော်သားတွေဟာ အများသူငါ လုပ်ဆောင်နိုင်ဖို့ခက်ခဲတဲ့ နိုင်ငံတော်ကာကွယ်ရေးနဲ့ လုံခြုံရေးတာဝန်တွေကို ထမ်းဆောင်နေကြရတဲ့သူတွေဖြစ်တာကြောင့် စိတ်ဓာတ်ကြံ့ခိုင်မှုရှိဖို့ အထူးလိုအပ်တယ်။ စိတ်ဓာတ်ကြံ့ခိုင်မှုဆိုတာ အနိုင်မခံ၊ အရှုံးမပေးချင်တဲ့စိတ်ဆန္ဒကနေဖြစ်တည်လာတာကြောင့် ရဲဘော်တို့အနေနဲ့ "တုံးတိုက်တိုက် ကျားကိုက်ကိုက်စိတ်ဓာတ်၊ လေ့ခွက်ချည်းကျန် အလံမလွဲသည့်စိတ်ဓာတ်၊ တပ်မတော်၏ အစဉ်အလာကို အသက်ပေးစောင့်ထိန်းလိုသည့်စိတ်ဓာတ်" စတဲ့တပ်မတော်ရဲ့စိတ်ဓာတ်တွေကို လေ့ကျင့်မွေးမြူထားကြရမှာဖြစ်တယ်။ ဒါမှသာ နိုင်ငံတော်နဲ့တပ်မတော်ကပေးအပ်လာတဲ့တာဝန်တွေကို အသက်ကိုပဓာနမထားဘဲ မဆုတ်မနစ်တဲ့ဇွဲလုံ့လနဲ့ ကျေပွန်အောင်ထမ်းဆောင်နိုင်မှာဖြစ်တယ်။ အဲဒီလိုတာဝန်ထမ်းဆောင်တဲ့အခါမှာ ဒို့တပ်မတော်ဟာ စည်းကမ်းကိုအခြေပြုပြီး ဖွဲ့စည်းထားတဲ့အဖွဲ့အစည်းဖြစ်တာကြောင့် တစ်ဦးချင်းကိုယ်စီ စည်းကမ်းလိုက်နာမှုဟာ အရေးကြီးတယ်။ ဒို့တပ်မတော် ဒီနေ့အချိန်ထိ မယိမ်းမယိုင်ရပ်တည်နိုင်ခြင်းဟာ စစ်စည်းကမ်းကောင်းမွန်မှုနဲ့ အမိန့်နာခံတတ်မှုတွေကြောင့်ဖြစ်တယ်။ ဒို့တပ်မတော်သားအားလုံးအနေနဲ့ စစ်သည်တော်ကောင်းတစ်ဦးဖြစ်ဖို့ အခြေခံဖြစ်တဲ့ကျင့်ဝတ် ၆၀ ပါးကို ခါးဝတ်ပုဆိုးပမာ မြဲမြံစွာစောင့်ထိန်းကြရမှာဖြစ်သလို စစ်မြေပြင်စည်းကမ်းတွေ၊ လုပ်ငန်းခွင်စည်းကမ်းတွေ၊ နယ်ဘက်ဆိုင်ရာစည်းကမ်းဥပဒေတွေ၊ နိုင်ငံတကာမှာ လက်ခံကျင့်သုံးနေတဲ့ စစ်ပွဲဆိုင်ရာဥပဒေတွေနဲ့ ထိတွေ့တိုက်ခိုက်မှုစည်းမျဉ်း (Rules of Engagement–ROE) တွေကိုလည်း တိကျစွာလိုက်နာကြဖို့လိုအပ်တယ်။ ဒါကြောင့် ရဲဘော်တို့အနေနဲ့ စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်ပြီး ဥပဒေကိုလေးစားလိုက်နာတဲ့ စစ်သည်တော်ကောင်းတွေဖြစ်အောင် ကျင့်ကြံနေထိုင်သွားကြဖို့ အလေးအနက်ထားမှာကြားလိုတယ်။

ရဲဘော်တို့

ရယူခြင်း၊ ခံစားခြင်းဆိုတာ သက်ရှိသတ္တဝါတိုင်း ပြုမူကြတာဖြစ်ပေမယ့် စွန့်လွှတ်ခြင်းဆိုတာကတော့ မြင့်မြတ်တဲ့လူသားတချို့သာ ပြုမူနိုင်ကြတဲ့အမူအကျင့်ပဲဖြစ်တယ်။ **မိမိတိုင်းပြည်အတွက်၊ မိမိပြည်သူအတွက်၊ မိမိနိုင်ငံတော်ရဲ့အချုပ်အခြာအာဏာအတွက် မိမိအသက်ခန္ဓာကို ပေးလှူစွန့်စားခြင်းဆိုတာကတော့ အာဏာနည်းသူရဲကောင်းစိတ်ဓာတ်ပိုင်ရှင်တွေသာ ပြုမူနိုင်ကြတဲ့အမူအကျင့်ပဲဖြစ်**တယ်။ **အဲဒီအမူအကျင့်တွေနဲ့ ပြည့်ဝနေသူတွေဟာ အများတကာလုပ်ဆောင်ဖို့ ခဲယဉ်းတဲ့တာဝန်တွေနဲ့ ရင်ဆိုင်ကြုံတွေ့လာရချိန်မှာ စွန့်လွှတ်စွန့်စားမှုအပြည့်နဲ့ဆောင်ရွက်ကြသလို နိုင်ငံနဲ့လူမျိုးအတွက် ဘယ်လိုအခက်အခဲကိုမှ အမှုမထားဘဲ မိမိအသက်ခန္ဓာကို စွန့်လွှတ်နိုင်တဲ့အထိ ကြံ့ခိုင်တဲ့စိတ်ဓာတ်၊ ပြောင်မြောက်တဲ့ သူရဲသတ္တိတွေနဲ့ ရဲရဲဝံ့ဝံ့တိုက်ပွဲဝင်လေ့ရှိ**ကြတယ်။ **ဒါတွေဟာ စစ်သည်တော်ကောင်းတစ်ဦးမှာရှိအပ်တဲ့ အရည်အချင်းတွေဖြစ်ပြီး ဒီလိုခိုင်မာတဲ့သန့်ရှင်းစိတ်ဓာတ်တွေနဲ့ နိုင်ငံတော်ကာကွယ်ရေးတာဝန်တွေကိုစွမ်းစွမ်းတမံထမ်းဆောင်ရင်း အသက်ခန္ဓာစွန့်လွှတ်ခဲ့ရတဲ့ တပ်မတော်သားတွေ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်တွေနဲ့ ပြည်သူ့စစ်တပ်ဖွဲ့ဝင်တွေအားလုံးကို ပြည်သူ့သားကောင်းအာဏာနည်းတွေအဖြစ် အစဉ်အသိအမှတ်ပြု လေးစားဂုဏ်ယူ**ကြောင်းပြောကြားလိုတယ်။ ဒါ့အပြင် လေးချက်သောသစ္စာကို နေ့စဉ်ရွတ်ဆိုပြီး နိုင်ငံတော်ကာကွယ်ရေးနဲ့ လုံခြုံရေးတာဝန်တွေကိုထမ်းဆောင်နေကြတဲ့ ရဲဘော်တို့ဟာလည်း အမိနိုင်ငံတော်ရဲ့ မြတ်နိုးတန်ဖိုးထားဖွယ်ရာ အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတွေဖြစ်ကြောင်း ဂုဏ်ပြုပြောကြားလိုတယ်။

ရဲဘော်တို့

နိဂုံးချုပ်အနေနဲ့မှာကြားလိုတာကတော့ နှစ်(၈၀)ပြည့် တပ်မတော်နေ့ ဦးတည်ချက်တွေဖြစ်တဲ့-

- ဒို့တာဝန်အရေး(၃)ပါးကို အစဉ်အမြဲဦးထိပ်ပန်ဆင်ပြီး တပ်မတော်၏ အဓိကလုပ်ငန်းကြီး(၃)ခုဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်များအား ကျရာအခန်းကဏ္ဍမှ အားသွန်ခွန်စိုက်ပါဝင်ဆောင်ရွက်ရေး။
- နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး စစ်မှန်သည့်ထာဝရငြိမ်းချမ်းရေးရရှိရန်ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဦးတည်ဆောင်ရွက်ရေး။
- နိုင်ငံတော်နှင့်နိုင်ငံသားများအပေါ် ကျရောက်လာနိုင်သည့် ဘေးအန္တရာယ်များမှ ကာကွယ်စောင့်ရှောက်ရေး၊ ပြည်သူလူထု၏ လူမှုဘဝလုံခြုံရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဘက်ပေါင်းစုံက ကူညီဆောင်ရွက်ပေးရေး။
- ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

စတဲ့ဦးတည်ချက်တွေနဲ့အညီ ပြည်သူလူထုက ယုံကြည်အားထားရတဲ့ တပ်မတော်သားကောင်းတွေအဖြစ် အနာဂတ်နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းစဉ်တွေမှာ ပါဝင်မှတ်တမ်းရေးထိုးသွားကြပါလို့ အလေးအနက်ထားမှာကြားရင်း နိဂုံးချုပ်လိုက်တယ်။ ။

နှစ်(၈၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကျင်းပမှု ဓာတ်ပုံမြင်ကွင်း


















နှစ်(၈၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကျင်းပမှု ဓာတ်ပုံမြင်ကွင်း

















ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် ၂၇/၂၀၂၅
၁၃၈၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၄ ရက်
(၂၀၂၅ ခုနှစ်၊ မတ်လ ၂၇ ရက်)

ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် နိုင်ငံအချင်းချင်းမိတ်ဝတ်မပျက် ဆက်ဆံရေးကို ရှေးရှုသောအားဖြင့်လည်းကောင်း၊ လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း အောက်ဖော်ပြပါကဲ့သောင်းအကျဉ်းထောင်တွင် ပြစ်ဒဏ်ကျခံနေသည့် ထိုင်းနိုင်ငံသား (၄)ဦးနှင့် ဘားအံအကျဉ်းထောင်တွင် ပြစ်ဒဏ်ကျခံနေသည့် ဖိလစ်ပိုင်နိုင်ငံသား (၃)ဦးကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ (၁)အရ **"နောက်တစ်ကြိမ် ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်"** ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန်ကျန်ရှိသောပြစ်ဒဏ်များအပေါ် လျှော့ပေါ့ပြီး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေးလိုက်သည်-

(၁) ကသမ/၂၄/၀၀၄၁၆/က Virot Saphanthong Na Nakhon ထိုင်းနိုင်ငံသား၊
(၂) ကသမ/၂၄/၀၀၄၁၇/က Sunan Mongkutton ထိုင်းနိုင်ငံသား၊
(၃) ကသမ/၂၄/၀၀၄၁၈/က Sonpong ထိုင်းနိုင်ငံသား၊
(၄) ကသမ/၂၄/၀၀၄၁၉/က Thavorn ထိုင်းနိုင်ငံသား၊
(၅) ဖအ/၂၅/၀၀၁၀၄/က Mr.Jayson Corprz Jaramilla ဖိလစ်ပိုင်နိုင်ငံသား၊
(၆) ဖအ/၂၅/၀၀၁၁၁/က Mrs.Sun Shine Rivera ဖိလစ်ပိုင်နိုင်ငံသား၊
(၇) ဖအ/၂၅/၀၀၁၁၂/က Mrs.Magdalena Vicente ဖိလစ်ပိုင်နိုင်ငံသား။

အမိန့်အရ

အောင်လင်းဌေး
ဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

ရုရှားအနုပညာအဖွဲ့ ဖျော်ဖြေပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်တက်ရောက်



နေပြည်တော် မတ် ၂၇

ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ A.V.Alexandrov Acadamic Song and Dance Ensemble of the Army အဖွဲ့၏ ဖျော်ဖြေပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရုံးအမှတ်(၃၅)ရှိ လေ့ကျင့်ရေးကဇာတ်ရုံ၌ ကျင်းပသည်။

ဖျော်ဖြေပွဲသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ဒုတိယဝန်ကြီး ဦးအေးထွန်း၊ ဒေါ်နုမြဲ၊ ဦးအေးကျော်၊ ဦးရင်မောင်ညွန့်၊ ဒေါက်တာမျိုးသန့်၊ ဒေါက်တာအောင်ဇေယျနှင့် ဦးဝင်းဖေ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

အဆိုပါ ဖျော်ဖြေပွဲတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ A.V.Alexandrov Acadamic Song and Dance Ensemble of the Army အနုပညာအဖွဲ့က Song about the Soviet Army ၊ It's time to hit the road ၊ Dear Long ၊ Chardash An instrumental number ၊ Fly away on the Wings of the Wind ၊ Black Eyes ၊ Hay!, Coachman go to the Yard ၊ OH! The viburnul is blooming ၊ Darkie ၊ On a Sunny meadow ၊ "Quadrille" A ballet solo number ၊ Kamarinskaya ၊ Cossacks in Berlin ၊ Love, Brother, Love ၊ Will I go out on the River ၊ Russian Dance ၊ I'll go outside ၊ Kalinka ၊ လှေကလေးစီးကြမယ်(မြန်မာတေးသီချင်း)၊ Moscow Nights၊ Katyusha စသည့် တေးသီချင်း စုစုပေါင်းအစီအစဉ် ၂၁ ခုကို ရုရှားရိုးရာတူရိယာများတီးခတ်၍ ဘဲလေးအကများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ပြီး ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က အဆိုပါအနုပညာအဖွဲ့ကို ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

ဘယ်လာရုစ်နိုင်ငံ သံအမတ်ကြီး မစ္စတာ အူလာဇမီယာ ဘာရာဗီကူ ခေါင်းဆောင်သောကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း လက်ခံတွေ့ဆုံ

နေပြည်တော် မတ် ၂၇

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့ အခြေစိုက် ဘယ်လာရုစ်နိုင်ငံ သံအမတ်ကြီး မစ္စတာ အူလာဇမီယာ ဘာရာဗီကူ ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးခန်းမ၌လက်ခံတွေ့ဆုံသည်။



တွေ့ဆုံစဉ် မြန်မာ-ဘယ်လာရုစ်နှစ်နိုင်ငံကျန်းမာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်နိုင်ရေး၊ ဘယ်လာရုစ်နိုင်ငံမှထုတ်လုပ်သည့် ဆေးဝါးနှင့်ဆေးဘက်ဆိုင်ရာပစ္စည်းများ မြန်မာနိုင်ငံသို့ တင်ပို့ရောင်းချဖြန့်ဖြူးရေး၊ ဆေးဝါးထုတ်လုပ်မှုကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံအကြား နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုး၍ ဆေးတက္ကသိုလ်များအချင်းချင်း ဘွဲ့ကြိုနှင့်ဘွဲ့လွန် ဆေးပညာသင်ကြားမှုများတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်ရေး၊ ဆေးနှင့် ဆေးဘက်ဆိုင်ရာ ပညာရှင်များ အပြန်အလှန်စေလွှတ်ရေးနှင့် ဆေးရုံများအကြား ကုသရေးဆိုင်ရာကိစ္စရပ်များအား ပူးပေါင်းဆောင်ရွက်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ရန်ကုန်မြို့အခြေစိုက် ဘယ်လာရုစ်နိုင်ငံ၏ ဂုဏ်ထူးဆောင်ကောင်စစ်ဝန်ရုံးမှ ကိုယ်စားလှယ်နှင့် ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြကြောင်း သိရသည်။

(သတင်းစဉ်)

၂၇-၃-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့် အထက်ရှိစံချိန်မီရွှေ ၁ ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်) ၏ **ဈေးနှုန်းမှာ (၅,၆၁၀,၀၀၀)ကျပ်ဖြစ်သည်။**

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုခမွမင်းအောင်လှိုင် တက်ရောက်ဂုဏ်ပြု





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုခမွမင်းအောင်လှိုင် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားတွင် ဂုဏ်ပြုအမှာစကားပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ်
ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ
သတိုးသီရိသုခမွမင်းအောင်လှိုင် သူရဲကောင်းမှတ်တမ်းဝင်
တံဆိပ်ရရှိသူ ကြည်း ၃၁၄၆၉ ဗိုလ်ချုပ်အောင်နေမျိုး၏နှီး
ဒေါ်မေန္တယ်ဦးအား ဆုတံဆိပ်ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ်
ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ
သတိုးသီရိသုခမွမင်းအောင်လှိုင်
သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ရရှိသူ ကြည်း ၂၄၉၈၅
ဗိုလ်မှူးကြီးနိုင်ဝင်းအား ဆုတံဆိပ်ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ်
ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ
သတိုးသီရိသုခမွမင်းအောင်လှိုင် သူရဲကောင်းမှတ်တမ်းဝင်
တံဆိပ်ရရှိသူ ကြည်း ၂၆၁၄၈ ဗိုလ်မှူးကြီးကျော်စံဦး၏နှီး
ဒေါ်ရွှန်းလွဲလွဲထွန်းအား ဆုတံဆိပ်ပေးအပ်ချီးမြှင့်စဉ်။

နေပြည်တော် မတ် ၂၇

တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုခမွမင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြားပြီး ဂုဏ်ထူးဆောင်တံဆိပ်များကို ချီးမြှင့်အပ်နှင်းပေးသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုခမွမင်းအောင်လှိုင်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးသီရိပုံချီမဟာသရေစည်သူစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)ဗိုလ်ချုပ်ကြီးဇေယျကျော်ထင် သရေစည်သူကျော်စွာလင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင်ထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီးဇေယျကျော်ထင်စည်သူထွန်းအောင်နှင့်ဇနီး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့်ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ် လက်ခံရယူကြမည့် အရာရှိ၊ စစ်သည်များနှင့် အမွေခံများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စာမျက်နှာ ၁၂ သို့



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး
သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်
သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ရရှိသူ ကြည်း ၄၀၃၉၉
ဒုတိယဗိုလ်မှူးကြီးကောင်းမြတ်သူ၏ဇနီး ဒေါ်စန္ဒာမိုးအား
ဆုတံဆိပ်ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ်
ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ
သတိုးသီရိသုဓမ္မမင်းအောင်လှိုင်
သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ရရှိသူ ကြည်း ၄၄၅၁၇
ဗိုလ်မှူးအောင်ဘိုဘိုအား ဆုတံဆိပ်ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး
သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်
သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ရရှိသူ ကြည်း ၇၄၉၅၃
ဗိုလ်မှူးအောင်မျိုးကို၏မိခင် ဒေါ်ဝင်းဝင်းခိုင်အား
ဆုတံဆိပ်ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး
သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်
သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ရရှိသူ
ကိုယ်ပိုင်အမှတ် ၇၉၇၇၉၇ တပ်ခွဲတပ်ကြပ်ကြီးစန်းမြင့်အား
ဆုတံဆိပ်ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး
သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်
သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ရရှိသူ
ကိုယ်ပိုင်အမှတ် တ-၃၅၁၀၆၀ တပ်ကြပ်အောင်ဖြိုးဝင်း၏ဇနီး
ဒေါ်စုစုဌေးအား ဆုတံဆိပ်ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး
သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်
သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ရရှိသူ ကိုယ်ပိုင်အမှတ်
တတ-၁၃၅၄၀၃ တပ်ကြပ်တိုးတက်အောင်၏အစ်မ
ဒေါ်ဆွေဇင်မြင့်အား ဆုတံဆိပ်ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး
သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်
သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ရရှိသူ ပစ-၁၀၀၃၂၆
ဒုတိယတပ်ကြပ်သန့်ဇင်ဦး၏ဖခင် ဦးကျော်ကြီးအား
ဆုတံဆိပ်ပေးအပ်ချီးမြှင့်စဉ်။

စာမျက်နှာ ၁၁ မှအဆက်

ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ယနေ့တွင်ကျရောက်သည့် နှစ်(၈၀)ပြည့် တပ်မတော်နေ့ နေ့ထူးနေ့မြတ်အခါသမယတွင် တိုင်းပြည်နှင့်လူမျိုးအကျိုးအတွက် အသက်ကိုပဓာနမထားဘဲ စွမ်းစွမ်းတမံသယ်ပိုးခဲ့ကြသူများကို တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်ဖြစ်သည့် သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်များကိုချီးမြှင့်အပ်နှင်းသွားမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် သူရဲကောင်းများစွာပေါ်ထွက်ခဲ့သည့် အစဉ်အလာကောင်းသမိုင်းကြောင်းများရှိသည့် နိုင်ငံတစ်ခုဖြစ်သည်မှာ အထောက်အထား ခိုင်ခိုင်လုံလုံဖြင့် ရှိနေကြောင်း၊ ရိုးသားခြင်း၊ နှိမ့်ချခြင်း၊ ကိုယ်ချင်းစာတရားထားရှိခြင်းနှင့် မတရားမှု မပြုလုပ်ခြင်းတို့သည် မိမိတို့လူမျိုး၏ထူးခြားလေးနက်သည့် သွင်ပြင်လက္ခဏာတစ်ခုလည်းဖြစ်ကြောင်း၊ သို့သော်လည်း ကိုယ့်အပေါ်မတရားမှုကျူးလွန်မှုဖြစ်လာခဲ့ပါက ထိုက်သင့်သည့်တုံ့ပြန်မှုများနှင့် ဇာတိပုညဂုဏ်မာန ရဲဝံ့ထက်သန်မှုရှိသည်ကို အကြိမ်ကြိမ်အခါခါပြသနိုင်ခဲ့ကြသူများလည်းဖြစ်ကြောင်း၊ အမျိုး၊ ဘာသာ၊ သာသနာကို ထိပါးလာချိန်တိုင်း မြန်မာပီပီခေါင်းငုံ့မခံဘူးဟူသည့် ဇာတိနှင့်အစဉ်အလာကို မြန်မာ့သူရဲကောင်းအဆက်ဆက်ကကမ္ဘည်းမော်ကွန်းထိုးခဲ့ကြသည်ကို စံပြုအတုယူဖွယ် တွေ့မြင်နိုင်ကြောင်း။

မိမိတို့တပ်မတော်သားများသည် တိုင်းပြည်နှင့်လူမျိုးကို ထိပါးလာသည့် အဖျက်ရန်စွယ်မှန်သမျှကို သူရသတ္တိအပြည့်ဖြင့်ယှဉ်ပြိုင်အနိုင်ယူခဲ့ကြသကဲ့သို့ ပြောင်းလဲတိုးတက်လာသည့် နည်းပညာများကိုလည်း ဆင့်ပွားတီထွင်နိုင်စွမ်းရှိအောင် ကြိုးစားပုံဖော်နိုင်ခဲ့ကြကြောင်း၊ ထို့ကြောင့် ရဲစွမ်းသတ္တိအရာတွင်သာမက သိပ္ပံနှင့်နည်းပညာနယ်ပယ်များ၌ ထူးချွန်သူများကိုလည်း ဘွဲ့တံဆိပ်များပေးအပ်ချီးမြှင့်လျက်ရှိကြောင်း၊ ယနေ့အခမ်းအနားတွင် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များဖြစ်သည့် သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ရရှိသူ ၂၂ ဦးကို ချီးမြှင့်ပေးအပ်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် လူမှုရေး၊ စီးပွားရေး၊ သိပ္ပံနှင့်နည်းပညာ၊ အားကစားကဏ္ဍများအပြင် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးရေးတို့အတွက် နယ်ပယ်အစုံမှ တိုင်းပြည်အကျိုး အားသွန်ခွန်စိုက် သယ်ပိုးနေသူများကို ထိုက်သင့်သည့်ဂုဏ်ပြုမှုများ ပြုလုပ်ပေးလျက်ရှိကြောင်းကို ပြောကြားလိုကြောင်း။

ယနေ့မိမိတို့နိုင်ငံတွင်ဖြစ်ပေါ်နေသည့် အခြေအနေများအရ တပ်မတော်အနေဖြင့် ယခင်ကထက် လုပ်ငန်းတာဝန်များကို နေ့ညမနားဘဲ ဆတက်ထမ်းပိုးဆောင်ရွက်နေကြရကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးတာဝန်များအပြင် လေ့ကျင့်ရေးတာဝန်များ၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်နေရသကဲ့သို့ နိုင်ငံတော်၏ရှေ့လုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များကို အကောင်အထည်ဖော်ရာတွင်လည်း တစ်တပ်တစ်အားပါဝင်ထမ်းဆောင်လျက်ရှိကြောင်း၊ ပြည်သူများ၏ဘဝ လုံခြုံအေးချမ်းရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးမှ တိုင်းပြည်တစ်ဝန်းလုံး တည်ငြိမ်အေးချမ်းဖွံ့ဖြိုးစေရန် တပ်မတော်ကကြိုးစားဆောင်ရွက်ပေးနေခြင်းများသည် တပ်မတော်၏ စစ်မှန်သည့်သဘောထားနှင့် ရပ်တည်ချက်များဖြစ်သည်ကို ပြောကြားလိုကြောင်း။

ယနေ့အချိန်တွင် အားလုံးသိထားပြီးဖြစ်သည့်အတိုင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီး ကျင်းပနိုင်စေရန် စီမံဆောင်ရွက်လျက်ရှိခြင်းကြောင့် လွတ်လပ်ပြီး တရားမျှတမှုရှိသည့် ရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက တက်ညီလက်ညီပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ တိုင်းပြည်၏ စစ်မှန်သည့် အင်အားသည် တိုင်းပြည်တွင်းမှာပင်ရှိခြင်းကြောင့် အဆိုပါအင်အားထုကို အကျိုးမဲ့မဖြစ်စေဘဲ နိုင်ငံသားတိုင်းသည် နိုင်ငံတော်၏ကောင်းရာကောင်းကျိုး ဝိုင်းဝန်းသယ်ပိုးမှသာ

စာမျက်နှာ ၁၃ သို့

စာမျက်နှာ ၁၂ မှအဆက်

လျှောက်လှမ်းလိုသည့် စစ်မှန်စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ဆီရောက်ရှိမည်ဆိုသည်ကို အားလုံးသတိပြုမိကြရန်လိုအပ်ကြောင်း။

တိုင်းပြည်တစ်ပြည် ဖွံ့ဖြိုးတိုးတက်ခြင်း၏အခြေခံသည် တည်ငြိမ်အေးချမ်းပြီး လက်နက်ကိုင်ပဋိပက္ခများ ကင်းဝေးခြင်းပင်ဖြစ်ကြောင်း၊ သို့မဟုတ် အခြေခံလမ်းတံတားအဆောက်အဦများ ပိုမိုတည်ဆောက်ပေးနိုင်ခြင်း၊ ကုန်စည်ကူးသန်းရောင်းဝယ်မှု ကောင်းမွန်စေခြင်း၊ ဒေသခံများ၏ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍစုံကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ခြင်းအပြင် အခြားနိုင်ငံများနှင့်လည်း ယုံကြည်စိတ်ချစွာကုန်စည်ကူးသန်းရောင်းဝယ်မှု ပိုမိုပြုလုပ်နိုင်မည်ဖြစ်ကြောင်း။

ထိုသို့မဟုတ်ဘဲ ကျဉ်းမြောင်းသည့် လူမျိုးရေးအမြင်ဖြင့် ကိုယ်ကျိုးအတွက်ရှေ့တန်းတင်ပြီး အယူဝါဒအရေး၊ လူမျိုးစုအရေးဆိုသည့်ခေါင်းစဉ်များတင်ကာ အဖျက်လုပ်ရပ်များ လုပ်ဆောင်နေသမျှ လူများစုဖြစ်သည့် ဒေသခံပြည်သူများ၏ဘဝများသာထိခိုက်နစ်နာရမည်ဖြစ်ကြောင်း၊ ထိုသို့ဆုံးရှုံးနစ်နာမှုများ မဖြစ်ပေါ်စေရန် လိုအပ်သည့် ကာကွယ်မှုများပေးရမည်မှာ မိမိတို့တပ်မတော်နှင့် လုံခြုံရေးဆိုင်ရာ အဖွဲ့ဝင်များ၏ တာဝန်ပင်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏အားသာချက်ဖြစ်သည့် တည်နေရာပထဝီအနေအထား ကောင်းမွန်ခြင်း၊ မြေပေါ်မြေအောက်သဘာဝသယံဇာတပေါများခြင်း၊ မြေဆီလွှာများ ကောင်းမွန်ခြင်းတို့သည် နိုင်ငံအပေါ်အမြတ်ထုတ်လိုသူများအတွက် အခွင့်ကောင်းများပင်ဖြစ်ကြောင်း၊ အဆိုပါအခွင့်ကောင်းများကို ကိုယ်ကျိုးအတွက်ပုံစံအမျိုးမျိုးဖြင့် ရယူသိမ်းပိုက်လိုသည့် ပြည်တွင်း/ပြည်ပအဖျက်သမားများ၏ ရန်စွယ်မှန်သမျှမှ ကာကွယ်ထိန်းသိမ်းရင်း အသက်နှင့်ခန္ဓာဘွန့်လွတ်ခဲ့ရသည့်တပ်မတော်သားများ၊ မိသားစုဝင်များနှင့်လုံခြုံရေးတပ်ဖွဲ့ဝင်များကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက အစဉ်အောက်မေ့သတိရနေမည်ဖြစ်သည်ကို ထည့်သွင်းပြောကြားလိုကြောင်း။

ယခုအခမ်းအနားမှ တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်ဖြစ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုခမွန်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များချီးမြှင့်ခံရသူများကို လက်ဖက်ရည်ပိုင်းဖြင့် တည်ခင်းဧည့်ခံစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုခမွန်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များချီးမြှင့်ခံရသူများနှင့် အမွေခံများကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

ဆုအမည်အလိုက် ဂုဏ်ထူးဆောင်တံဆိပ်ရရှိသူ ဗိုလ်ချုပ် ၁ ဦး၊ ဗိုလ်မှူးကြီး ၃ ဦး၊ ရဲမှူးချုပ် ၁ ဦး၊ ဒုတိယဗိုလ်မှူးကြီး ၂ ဦး၊ ဗိုလ်မှူး ၃ ဦး၊ ဗိုလ်မှူး/ဗိုလ်ကြီး ၂ ဦး၊ ဗိုလ်ကြီး ၃ ဦး၊ တပ်ခွဲတပ်ကြပ်ကြီး ၁ ဦး၊ တပ်ကြပ်ကြီး ၂ ဦး၊ တပ်ကြပ် ၂ ဦး၊ ဒုတိယတပ်ကြပ် ၂ ဦးတို့အား ဆုတံဆိပ်များ အသီးသီးပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များရရှိခဲ့သည့် အရာရှိ၊ စစ်သည်များ၊ အမွေခံများနှင့်အတူ အမှတ်တရစုပေါင်းကြိုးပမ်းသွားကြပါဟု တိုက်တွန်းမှာကြားလိုကြောင်းဖြင့်ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ရရှိသူ ဗိုလ်ချုပ် ၁ ဦး၊ ဗိုလ်မှူးကြီး ၃ ဦး၊ ရဲမှူးချုပ် ၁ ဦး၊ ဒုတိယဗိုလ်မှူးကြီး ၂ ဦး၊ ဗိုလ်မှူး ၃ ဦး၊ ဗိုလ်မှူး/ဗိုလ်ကြီး ၂ ဦး၊ ဗိုလ်ကြီး ၃ ဦး၊ တပ်ခွဲတပ်ကြပ်ကြီး ၁ ဦး၊ တပ်ကြပ်ကြီး ၂ ဦး၊ တပ်ကြပ် ၂ ဦး၊ ဒုတိယတပ်ကြပ် ၂ ဦးတို့အား ဆုတံဆိပ်များ အသီးသီးပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များရရှိခဲ့သည့် အရာရှိ၊ စစ်သည်များ၊ အမွေခံများနှင့်အတူ အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ် ချီးမြှင့်ခံရသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)

ဆုအမည်အလိုက် ဂုဏ်ထူးဆောင်တံဆိပ်ရရှိသူ ဗိုလ်ချုပ် ၁ ဦး၊ ဗိုလ်မှူးကြီး ၃ ဦး၊ ရဲမှူးချုပ် ၁ ဦး၊ ဒုတိယဗိုလ်မှူးကြီး ၂ ဦး၊ ဗိုလ်မှူး ၃ ဦး၊ ဗိုလ်မှူး/ဗိုလ်ကြီး ၂ ဦး၊ ဗိုလ်ကြီး ၃ ဦး၊ တပ်ခွဲတပ်ကြပ်ကြီး ၁ ဦး၊ တပ်ကြပ်ကြီး ၂ ဦး၊ တပ်ကြပ် ၂ ဦး၊ ဒုတိယတပ်ကြပ် ၂ ဦးတို့အား ဆုတံဆိပ်များ အသီးသီးပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များရရှိခဲ့သည့် အရာရှိ၊ စစ်သည်များ၊ အမွေခံများနှင့်အတူ အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ် ချီးမြှင့်ခံရသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)

ပြည်သူများ၏ဘဝလုံခြုံအေးချမ်းရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးမှ တိုင်းပြည်တစ်ဝန်းလုံး တည်ငြိမ်အေးချမ်းဖွံ့ဖြိုးစေရန် တပ်မတော်ကကြိုးစားဆောင်ရွက်ပေးနေခြင်းများသည် တပ်မတော်၏ စစ်မှန်သည့်သဘောထားနှင့် ရပ်တည်ချက်များဖြစ်သည်ကို ပြောကြားလို. . .

ယနေ့အချိန်တွင် အားလုံးသိထားပြီးဖြစ်သည့်အတိုင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကျင်းပနိုင်စေရန် စီမံဆောင်ရွက်လျက်ရှိခြင်းကြောင့် လွတ်လပ်ပြီးတရားမျှတမှုရှိသည့် ရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက တက်ညီလက်ညီပူးပေါင်းဆောင်ရွက်သွားကြရန်လိုအပ်၊ တိုင်းပြည်၏ စစ်မှန်သည့်အင်အားသည် တိုင်းပြည်တွင်းမှာပင်ရှိခြင်းကြောင့် အဆိုပါအင်အားထုကို အကျိုးမဲ့မဖြစ်စေဘဲ နိုင်ငံသားတိုင်းသည် နိုင်ငံတော်၏ကောင်းရာကောင်းကျိုး ဝိုင်းဝန်းသယ်ပိုးမှသာ လျှောက်လှမ်းလိုသည့် စစ်မှန်စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ဆီရောက်ရှိမည်ဆိုသည်ကို အားလုံးသတိပြုမိကြရန်လိုအပ် . . .

★ **စာမျက်နှာ ၁၅ မှအဆက်**

စစ်ရေးပြကွင်းအတွင်းသို့ ရောက်ရှိနေရာ ယူကြသည်။

အဆိုပါ နှစ်(၈၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယကာကွယ်ရေးဝန်ကြီး Colonel General Alexander Vasilyevich Fominနှင့် အဖွဲ့ဝင်များ၊ ဘယ်လာရုစ်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီး Lieutenant General Viktar Gennadyevich Khrenin နှင့် အဖွဲ့ဝင်များ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် သရေစည်သူ ကျော်စွာလင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်ကြီးဇေယျကျော်ထင်ထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်ကြီးဇေယျကျော်ထင်စည်သူထွန်းအောင်၊ ကောင်စီအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကောင်စီဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ရဲဘော်သုံးကျိပ်ဝင်မိသားစုဝင်များ၊ အငြိမ်းစားတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ၏မိသားစုဝင်များ၊ အငြိမ်းစားတပ်မတော်(ကြည်း၊ ရေ၊ လေ)အရာရှိကြီးများ၊ လွတ်လပ်ရေးမော်ကွန်းဝင် ပထမအဆင့်၊ ဒုတိယအဆင့်နှင့် တတိယအဆင့် မော်ကွန်းဝင်ပုဂ္ဂိုလ်များ၊ အကြံပေးပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်သားအငြိမ်းစားသံအမတ်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ နိုင်ငံခြားစစ်သံရုံးများမှ စစ်သံမှူးများနှင့် တာဝန်ရှိသူများ၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌများနှင့်တာဝန်ရှိသူများ၊ အောင်ဆန်းသူရိယဘွဲ့ရရှိခဲ့သူများ၏ မိသားစုဝင်များနှင့် ဆွေမျိုးများ၊ သီဟသူရဘွဲ့၊ သူရဘွဲ့နှင့် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့၊ သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ရရှိခဲ့ကြသည့် အရာရှိ၊ စစ်သည်များနှင့်မိသားစုဝင်များ၊ ဆွေမျိုးများ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ အသွင်ပြောင်းပြည်သူ့စစ်၊ မူလပြည်သူ့စစ်နှင့် နယ်ခြားစောင့်ဗဟို အကြံပေးကွပ်ကဲရေးအဖွဲ့များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့တို့မှ ပုဂ္ဂိုလ်များ၊ ဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ဝိုင်အမ်ဘီအေအသင်းကြီး၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့်ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအသင်း ဗဟိုတို့မှ တာဝန်ရှိသူများ၊ တပ်မတော်နေ့ဂုဏ်ပြုဧာတ်လမ်းတွင် ပါဝင်ခဲ့သည့် အနုပညာရှင်များ၊ စစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာ၊ ဝတ္ထုတို၊ ဝတ္ထုရှည် ပြိုင်ပွဲများတွင် ဆုရရှိကြသူများ၊ တပ်မတော်နေ့အလှူရှင်များ၊ သတင်းမီဒီယာကောင်စီ၊ ရုပ်ရှင်သဘင်ဂီတအစည်းအရုံးနှင့်သေနင်္ဂဗျူဟာလေ့လာရေးအဖွဲ့တို့မှ တာဝန်ရှိသူများ၊ တက္ကသိုလ်လေ့ကျင့်ရေးတပ်များမှ တပ်ဖွဲ့ဝင်များ၊ တိုင်းရင်းသားဖွံ့ဖြိုးရေး တက္ကသိုလ်မှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုခမ္မမင်းအောင်လှိုင် သည် တပ်မတော်နေ့စစ်ရေးပြ အခမ်းအနားကျင်းပသည့် စစ်ရေးပြကွင်းသို့ရောက်ရှိပြီး အလေးပြုခံစင်မြင့်၌ နေရာယူရာစစ်ကြောင်းကြီးများမှ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက အလေးပြုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စစ်ရေးပြစစ်ကြောင်းကြီးများအား လိုက်လံစစ်ဆေးသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ စစ်ရေးပြစစ်ကြောင်းကြီးများမှ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက နိုင်ငံတော်အလံနှင့်ကျဆုံးလေပြီးသော တပ်မတော်သားများအား အလေးပြုကြပြီး သစ္စာလေးချက်ကို သံပြိုင်ရွတ်ဆိုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုခမ္မမင်းအောင်လှိုင်အား စစ်ရေးပြမှူးကြီး ဗိုလ်ချုပ်ရဲကျော်သူဦးဆောင်သော စစ်ကြောင်းကြီးများမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက အစီအစဉ်အတိုင်းစစ်ကြောင်းပုံဖြင့် ညီညာစွာချီတက်အလေးပြုကြပြီး စစ်ရေးပြကွင်းကြီးအတွင်းမှ ပြန်လည်ထွက်ခွာကြသည်။


ထိုသို့ ချီတက်အလေးပြုချိန်တွင် တပ်မတော်(လေ)မှ MTX – 1 A လေယာဉ် တစ်စင်းနှင့် PT–6 လေယာဉ် ၂ စင်း တို့က ရှုရပ်၏ရွေ့တည့်တည့်သို့ Trail Formation ပုံစံဖြင့်လည်းကောင်း၊ H–125 ရဟတ်ယာဉ် ၂စင်းက Trail Formationပုံစံဖြင့်လည်းကောင်း၊ Bell–206 ရဟတ်ယာဉ် ၁ စင်းက ရှုရပ်၏ လက်ဝဲဘက်မှ လက်ယာဘက်သို့ ပျံသန်း၍လည်းကောင်း၊ Eurocopter ၂ စင်းက Trail Formation ပုံစံဖြင့် ရှုရပ်၏လက်ဝဲဘက်မှ လက်ယာဘက်သို့ပျံသန်း၍လည်းကောင်း၊ H–125 ရဟတ်ယာဉ် ၂ စင်းက ရှုရပ်၏အရှေ့ဘယ် ၄၅ ဒီဂရီမြင်ကွင်းမှ ၂၉၅ ဒီဂရီလမ်းကြောင်း အတိုင်း Echelon Formation ပုံစံဖြင့်လည်းကောင်း၊ Bell–206 ရဟတ်ယာဉ် ၁ စင်းက ရှုရပ်၏ ရှေ့တည့်တည့်မှ ဒုတိယအကြိမ် ပျံသန်း၍လည်းကောင်း၊ Eurocopter ၂ စင်းက ရှုရပ်၏ အရှေ့ညာ ၄၅ ဒီဂရီမြင်ကွင်းမှ ၀၂၅ ဒီဂရီလမ်းကြောင်း အတိုင်း Echelon Formation ပုံစံဖြင့် ဒုတိယအကြိမ် ပျံသန်း၍လည်းကောင်း၊ BEECH 1900D အမျိုးအစား သယ်ယူပို့ဆောင်ရေးလေယာဉ် ၁ စင်းက ရှုရပ်၏ အရှေ့ဘယ် ၄၅ ဒီဂရီ မြင်ကွင်းမှ ၂၉၅ ဒီဂရီလမ်းကြောင်း အတိုင်း ပျံသန်း၍လည်းကောင်း၊ BEECH 1900D အမျိုးအစား သယ်ယူပို့ဆောင်ရေးလေယာဉ် ၁ စင်းက ရှုရပ်၏ အရှေ့ညာ ၄၅ ဒီဂရီ မြင်ကွင်းမှ ၀၂၅ ဒီဂရီလမ်းကြောင်း အတိုင်း ပျံသန်း၍လည်းကောင်း၊ ATR 72 သယ်ယူပို့ဆောင်ရေး လေယာဉ်တစ်စင်းက ရှုရပ်၏ ရှေ့တည့်တည့် တောင်မှမြောက်သို့ ပျံသန်း၍လည်းကောင်း၊ K–8W တိုက်ခိုက်ရေးလေယာဉ် ၂စင်းက ရှုရပ်၏အရှေ့ညာ ၄၅ ဒီဂရီ မြင်ကွင်း မှ ၀၂၅ ဒီဂရီလမ်းကြောင်းအတိုင်း Echelon Formation ပုံစံဖြင့်လည်းကောင်း၊ Su–30 SME စတုတ္ထမျိုးဆက်လွန်ဘက်စုံသုံးအကြီးစားတိုက်လေယာဉ် ၂ စင်းက ရှုရပ်၏ အရှေ့ဘယ် ၄၅ ဒီဂရီမြင်ကွင်းမှ ၂၉၅ ဒီဂရီလမ်းကြောင်းအတိုင်း Echelon Formation ပုံစံဖြင့်လည်းကောင်း၊ Su–30 SME စတုတ္ထမျိုးဆက်လွန် ဘက်စုံသုံးအကြီးစားတိုက်လေယာဉ် ၂ စင်းက ပွဲကြည့်စင်နောက်မှ ရှုရပ်၏အရှေ့ဘက်သို့ ပျံသန်း၍ Flare မီးကျည်များထုတ်လွှတ်၍လည်းကောင်း အသီးသီးသရုပ်ပြ ပျံသန်းကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်အား အလေးပြုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုခမ္မမင်းအောင်လှိုင်သည် တက်ရောက်လာကြသည့် ဧည့်သည်တော်ကြီးများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကာ စစ်ရေးပြကွင်းကြီးမှ ပြန်လည်ထွက်ခွာခဲ့ပြီး ၂၀၂၅ ခုနှစ်၊ နှစ်(၈၀)ပြည့် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းခဲ့သည်။

နှစ်(၈၀)ပြည့်တပ်မတော်နေ့ စစ်ရေးပြကျင်းပသော နေပြည်တော်စစ်ရေးပြကွင်းကြီးတွင် ခဲ့ညားစွာစိုက်ထူထားသည့် ပထမ၊ ဒုတိယနှင့် တတိယမြန်မာနိုင်ငံတော်တို့ကို တည်ထောင်ခဲ့ကြသော မင်းသုံးပါး တို့၏ကြေးရုပ်တုကြီးများကိုလည်းကောင်း၊ တပ်မတော်နေ့ မီးရှူးတိုင်နှင့် နှစ်(၈၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ်တံဆိပ်ကြီးကိုလည်းကောင်း ဝင့်ထည်စွာတွေ့မြင်နိုင်သည့်အပြင် ဗမာ့လွတ်လပ်ရေးတပ်မတော်အလံ၊ ဗမာ့ကာကွယ်ရေးတပ်မတော်အလံ၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) အလံများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ညွှန်ကြားရေးမှူးရုံးအလံများ၊ တိုင်းစစ်ဌာနချုပ်၊ တပ်မဌာနချုပ်အသီးသီးနှင့် တပ်ရင်းတပ်ဖွဲ့များ၏ အမှတ်တံဆိပ်ပါရောင်စုံအလံများ တလွင့်လွင့်လွင့်ထူထားကြသည်ကိုလည်း တွေ့မြင်နိုင်မည်ဖြစ်ပြီး စစ်ကြောင်းကြီးများ ချီတက်ရာလမ်းကြောင်းတစ်လျှောက်၌ စစ်ကြောင်းများ၏ ကိုယ်စားပြုအရောင်အလှ မီးများ၊ မီးအလှထွန်းသည့် Truss Beam များ၊ မီးဆိုင်းများ၊ Light Box များ၊ Lighting Pole များဖြင့် လည်းကောင်း၊ စစ်ရေးပြကွင်းကြီး၏ အဝင်မုခ်ဦးတွင် LED Strip Light များအသုံးပြု၍ စစ်ကြောင်းကြီးများ၏ ကိုယ်စားပြုအရောင်များအတိုင်း ပြောင်းလဲအလှဆင်၍ လည်းကောင်း၊ လမ်းဘေးဝဲယာတစ် လျှောက် ၌လည်း မိုးစက်မီးများ၊ Up Light များ၊ Program LED Strip Light များ၊ ရောင်စုံအလှမီးများဖြင့် ဆင်ယင်ထားပြီး စစ်ကြောင်းကြီးများအား ဂုဏ်ပြုကြိုဆိုပါ၏ စာတန်းများ၊ နိုင်ငံတော်အလံနှင့် တပ်မတော် (ကြည်း၊ ရေ၊ လေ) အလံများကို Lighting Effect မီးအလှများဖြင့် ပုံဖော်၍လည်း ကောင်း၊ စစ်ရေးပြကွင်းအတွင်း အလေးပြုခံစင်မြင့် မျက်နှာမူရာရှိ သစ်ပင်များ၌လည်း Handmade အလှမီးများဖြင့်လည်းကောင်း၊ မင်းကြီးသုံးပါး ရုပ်တုအောက်ခံ၌ တပ်မတော်အလံပုံဖော်ထားသည့် ကြယ်တံဆိပ်နှစ်ခုအား LED Strip Light များဖြင့်လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုခမ္မမင်းအောင်လှိုင် ပြန်လည်ထွက်ခွာမည့် လမ်းတစ်လျှောက်တွင်လည်း Flag Light Box များ၊ LED Strip Light များဖြင့် အသီးသီးပုံဖော်အလှဆင်ထားသည်ကို တွေ့မြင်နိုင်မည်ဖြစ်သည်။

ထို့အပြင် နှစ်(၈၀) ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်-မန္တလေးကားလမ်းမနှင့် ပင်လောင်းလမ်းဆုံတွင် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ပြီး ဇာတိသွေး၊ ဇာတိမာန်တက်ကြွစေမည့် တပ်မတော်(ကြည်း၊ ရေ၊ လေ)စစ်သည်များ၏ လှုပ်ရှားမှုပုံရိပ်များကို ဖော်ကြူးထားသော ပိုစတာကြီးများကို စိုက်ထူထားရှိပြီး စစ်ရေးပြကွင်းရှေ့ရှိလမ်းတစ်လျှောက်တွင်လည်း တပ်မတော်၏ဆောင်ပုဒ်များကို မြန်မာ၊ အင်္ဂလိပ် နှစ်ဘာသာဖြင့် ဆိုင်းဘုတ်များစိုက်ထူကာ စာတန်းများကိုလည်း ချိတ်ဆွဲထားရှိကြောင်း သတင်းရရှိသည်။



(၁၀၀)



နှစ်(၈၀)ပြည့် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားသို့ တက်ရောက်သတင်းရယူကြသည့် ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများကိုတွေ့ရစဉ်။



နှစ်(၈၀)ပြည့် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များကိုတွေ့ရစဉ်။


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုခမွန်မင်းအောင်လှိုင်အား တပ်မတော်(လေ)မှ လေယာဉ်၊ ရဟတ်ယာဉ်များက သရုပ်ပြပျံသန်း၍ အလေးပြုစဉ်။








နှစ်(၈၀)ပြည့် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားသို့ တက်ရောက်လာကြသည့်ဧည့်သည်တော်များကိုတွေ့ရစဉ်။

☆ **စာမျက်နှာ ၁၇ မှအဆက်**

စစ်ရေးပြကွင်းအတွင်းသို့ အစီအစဉ်အတိုင်း ချီတက်ကြသည်။

ထိုသို့ချီတက်ချိန်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဧနီးဒေါ်ကြူကြူလှ၊ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၏ဧနီး ဒေါ်သန်းသန်းနွယ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)၏ဧနီး၊ ကာကွယ်ရေးဦးစီးချုပ် (ရေ)၏ဧနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၏ဧနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၏ဧနီးများက ဂုဏ်ပြုပန်းကုံးများစွပ်၍ ကြိုဆိုကြသည်။ အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်နှင့် တပ်နယ်အသီးသီးတို့မှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုများ၊ ဝန်ကြီးဌာနအသီးသီးမှ နိုင်ငံ့ဝန်ထမ်းများ၊ ရုပ်ရှင်ဂီတအနုပညာရှင်များ၊ ဒေသခံမိဘပြည်သူများ ကလည်း စစ်ကြောင်းကြီးများ ချီတက်ရာ လမ်းတစ်လျှောက် သောင်းသောင်းဖြဖြကြိုဆိုကာ ဂုဏ်ပြုပန်းကုံးများစွပ်၍ ကြိုဆိုခဲ့ကြပြီး စစ်ကြောင်းကြီးများမှ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များသည် ဇာတိသွေး၊ ဇာတိမာန်အပြည့်ဖြင့် စစ်ချီတေးများကို သံပြိုင်ဟစ်ကြွေးသီဆိုချီတက်လာကြပြီး **စာမျက်နှာ ၁၄ သို့**☆





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် နှစ်(၈၀)ပြည့်တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်၏ဇနီးဒေါ်ကြူကြူလှက စစ်ရေးပြစစ်ကောင်းကြီးများအား ဂုဏ်ပြုပန်းကုံးစွပ်၍ကြိုဆိုစဉ်။

★ **ရှေ့ဖုံးမှအဆက်**

ဆက်လက်ပြီး စစ်ရေးပြမှူးကြီး ဗိုလ်ချုပ်ရဲကျော်သူ ဦးဆောင်၍ အလံတော်အဖွဲ့၊ ၎င်းနောက်မှ စစ်ကြောင်းမှူး ဗိုလ်မှူးချုပ်ရဲကျော်ကျော် ဦးဆောင်သည့် ဂုဏ်ပြုတပ်ခွဲ၊ အမြောက်တပ်ဖွဲ့ညွှန်ကြားရေးမှူးရုံးကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ လေကြောင်းရန် ကာကွယ်ရေးတပ်ဖွဲ့အရာရှိချုပ်ရုံးကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ ဆက်သွယ်ရေးညွှန်ကြားရေးမှူးရုံးကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ ကာကွယ်ရေးပြတပ်ခွဲ၊ ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေးအရာရှိချုပ်ရုံးကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ စစ်လက်နက်ပစ္စည်းညွှန်ကြားရေးမှူးရုံးကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ တို့ပါဝင်သည့် ကျန်စစ်သားစစ်ကြောင်း။

စစ်ကြောင်းမှူး ဗိုလ်မှူးချုပ်အောင်အောင်နိုင် ဦးဆောင်သည့် ဂုဏ်ပြုတပ်ခွဲ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ)ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ) ကိုယ်စားပြု အမျိုးသမီး(ပညာသည်) စစ်ရေးပြတပ်ခွဲ(၁)၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ) ကိုယ်စားပြု အမျိုးသမီး(ပညာသည်) စစ်ရေးပြတပ်ခွဲ(၂)၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၁)၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၂)၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၄)တို့ပါဝင်သည့် ဘုရင့်နောင်စစ်ကြောင်း။

စစ်ကြောင်းမှူး ဗိုလ်မှူးချုပ်ဇော်ဟိန်းကြိုင်ဦးဆောင်သည့် ဂုဏ်ပြုတပ်ခွဲ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ကိုယ်စားပြု(အမျိုးသမီး)စစ်ရေးပြတပ်ခွဲ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ကိုယ်စားပြု (အမျိုးသမီး)စစ်ရေးပြတပ်ခွဲ(၁)၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ကိုယ်စားပြု (အမျိုးသမီး)စစ်ရေးပြတပ်ခွဲ(၂)၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ကိုယ်စားပြု အမျိုးသမီး(ပညာသည်) စစ်ရေးပြတပ်ခွဲ(၁)၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ကိုယ်စားပြု အမျိုးသမီး(ပညာသည်)စစ်ရေးပြတပ်ခွဲ(၂)၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ကိုယ်စားပြု အမျိုးသမီး (ပညာသည်) စစ်ရေးပြတပ်ခွဲ(၃)တို့ပါဝင်သည့် အောင်ဇေယျစစ်ကြောင်း။

စစ်ကြောင်းမှူး ဗိုလ်မှူးချုပ်ဇော်ဝင်းထွန်းဦးဆောင်သည့် ဂုဏ်ပြုတပ်ခွဲ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ) ကိုယ်စားပြု အမျိုးသမီး(ပညာသည်) စစ်ရေးပြတပ်ခွဲ(၁)၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ) ကိုယ်စားပြု အမျိုးသမီး(ပညာသည်) စစ်ရေးပြတပ်ခွဲ(၂)၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ) ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၁)၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၂)၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ) ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၃)၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၄)တို့ပါဝင်သည့် ဆင်ဖြူရှင်စစ်ကြောင်း။

စစ်ကြောင်းမှူး ဗိုလ်မှူးချုပ်ညီညီဝင်း





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်အား စစ်ရေးပြမှူးကြီး ဗိုလ်ချုပ်ရဲကျော်သူ ဦးဆောင်သော စစ်ကြောင်းကြီးများက စစ်ကြောင်းပုံဖြင့်ညီညာစွာချီတက်အလေးပြုကြပြီး စစ်ရေးပြကွင်းကြီးအတွင်းမှ ပြန်လည်ထွက်ခွာကြစဉ်။



နှစ်(၈၀)ပြည့် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားသို့ချီတက်လာသည့် စစ်ရေးပြစစ်ကြောင်းကြီးများအား ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်နှင့် တပ်နယ်အသီးသီးတို့မှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုများ၊ ရုပ်ရှင်ဂီတအနုပညာရှင်များနှင့် ဒေသခံမိဘပြည်သူများက သောင်းသောင်းဖြဖြကြိုဆိုဂုဏ်ပြုပန်းကုံးများစွပ်၍ ကြိုဆိုကြစဉ်။

ဦးဆောင်သည့် ဂုဏ်ပြုတပ်ခွဲ၊ လေကြောင်းချီ စစ်ရေးပြတပ်ခွဲ၊ သံချပ်ကာယန္တရား တပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ လျှပ်စစ်နှင့်စက်မှုအင်ဂျင်နီယာညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲတို့ ပါဝင်သည့် ဗန္ဓုလစစ်ကြောင်း။

စစ်ကြောင်းမှူး ရဲမှူးချုပ်မောင်မောင်ဦးဆောင်သည့် ဂုဏ်ပြုတပ်ခွဲ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ကိုယ်စားပြု(အမျိုးသမီး) စစ်ရေးပြတပ်ခွဲ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ကိုယ်စားပြု(အမျိုးသား)စစ်ရေးပြတပ်ခွဲ(၁)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ကိုယ်စားပြု (အမျိုးသမီး) စစ်ရေးပြတပ်ခွဲ(၂)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ကိုယ်စားပြု(အမျိုးသား) စစ်ရေးပြတပ်ခွဲ(၁)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ကိုယ်စားပြု(အမျိုးသမီး) စစ်ရေးပြတပ်ခွဲ(၂)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ကိုယ်စားပြု(အမျိုးသား) စစ်ရေးပြတပ်ခွဲ(၃) တို့ပါဝင်သည့် အောင်ဆန်းစစ်ကြောင်းတို့က စစ်တီးဝိုင်းအဖွဲ့များနှင့်အတူ **စာမျက်နှာ ၁၅ သို့**⋆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၏ဇနီးဒေါ်သန်းသန်းနွယ်က စစ်ရေးပြစစ်ကြောင်းကြီးများအားဂုဏ်ပြုပန်းကုံးစွပ်၍ကြိုဆိုစဉ်။



နှစ်(၈၀)ပြည့် တပ်မတော်နေ့စစ်ရေးပြကွင်းအတွင်းသို့ စစ်ရေးပြစစ်ကြောင်းကြီးများက ချီတက်နေရာယူစဉ်။

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

Parade of 80th Anniversary Armed Forces Day held; Chairman of State Administration Council Commander-in-Chief of Defence Services Senior General Thadoe Maha Thray Sithu Thadoe Thiri Thudhamma Min Aung Hlaing delivers address

NAY PYI TAW March 27

The Parade of the 80th Anniversary Armed Forces Day, which falls on 27 March 2025, took place at Nay Pyi Taw military parade ground this evening with an address by Chairman of State Administration Council Commander-in-Chief of Defence Services Senior General Thadoe Maha Thray Sithu Thadoe Thiri Thudhamma Min Aung Hlaing.

Officers and other ranks of the Tatmadaw (Army, Navy and Air), female parade company of the Tatmadaw (Army), members of Myanmar Police Force and female parade company of MPF in columns which would participate in the parade ceremony took positions at the Thittat parade ground and participated in it as per the parade agenda. Then the Bagpipe Band and the Central Military Band took the designated position in the parade ground.



Senior General Min Aung Hlaing delivers address at the Parade of the 80th Anniversary Armed Forces Day.

The flag bearers led by Parade Commander Maj-Gen Ye Kyaw Thu, followed by Anawyahtar Column led by Column Commander Brig-Gen Ye Kyaw Kyaw, comprising guard of honour, the parade companies representing the Directorate of Artillery, Office of Chief of Air Defence Troops, Directorate of Signals, Norther Command, East Central Command, Coastal Region Command, and North-West Command,

Kyansittha column led by Column Commander Brig-Gen Tun Naing Oo comprising Guard of Honour, parade companies representing Directorate of Military Engineers, Office of Chief of Military Equipment Production, Directorate of Ordnance, North-East Command, Triangle Region Command, South-West Command and Central Command,

Bayintnaung column led by Column Commander Brig-Gen Aung Aung Naing, comprising guard of honour, parade companies of Office of Commander-in-Chief (Navy), Office of Commander-in- Chief (Navy) (female technician company 1), Office of Commander-in- Chief (Navy) (female technician company 2),Office of Commander-in- Chief (Navy) (company 1, 2, 3 and 4),

Aung Zeya column led by Column Commander Brig -Gen Zaw Hein Kyaing comprising guard of honour, parade companies representing Office of Commander-in-Chief (Army) Office of Commander- in-Chief (Army) (female company), Office of Commander-in- Chief (Army) (female company 1), Office of Commander-in-Chief (Army) (female company 2), Office of Commander-in-Chief (Army) (female company 3),Office of Commander-in- Chief (Army) (female technician company 1), Office of Commander-in-Chief (Army) (female technician company 2), Office of Commander-in-Chief (Army) (female technician company 3),

Hsinbyushin column led by Column Commander Brig-Gen Zaw Win Tun comprising guard of honour, parade companies representing Office of Commander- in-Chief (Air), Office of Commander-in-Chief (Air) (female technician company 1 and 2), Office of Commander- in-Chief (Air) (company 1,2,3 and 4),

Bandoola column led by Column Commander Brig -Gen Nyi Nyi Win comprising guard of honour, airborne parade company, parade companies representing Directorate of Tanks, Directorate of Electrical and Mechanical Engineers, Eastern Command, South-East Command, Western Command and Southern Command,

The Aung San column led by column commander Police Brigadier General Maung Maung Oo comprising the guard of honour company, the parade company representing Myanmar Police Force(Women), the parade companies (1) and (2) representing MPF (Women), and the parade companies (1), (2), (3) and (4) representing MPF (Men), together with the military bands marched towards the parade ground,according to the agenda.



Senior General Min Aung Hlaing takes the salute of the parade companies.

During the parade, wife of the Chairman of the State Admini-

See Page - 24►►

Speech Delivered by Commander-in-Chief of Defence Services, Senior General Thadoe Maha Thray Sithu,Thadoe Thiri Thudhama Min Aung Hlaing, at the Parade of the 80th Armed Forces Day on 27th March 2025



Chairman of State Administration Council Commander-in-Chief of Defence Services Senior General Thadoe Maha Thray Sithu Thadoe Thiri Thudhamma Min Aung Hlaing delivers address at the Parade of the 80th Anniversary Armed Forces Day.

Comrades,

Today marks the 80th anniversary of Armed Forces Day for our Tatmadaw, an institution forged in the crucible of the independence struggle and resistance against imperialism. This day stands as a defining moment in the Tatmadaw's history, symbolizing its evolution from external subjugation to the proud embodiment of a self-determined National Armed Forces.It also commemorates the historic events on 27 March 1945 which launched the anti-fascist movement through the collaboration between the Tatmadaw and the ethnic people. Since the legacy ofour Tatmadaw is inextricably linked to the historicalidentity of our Nation, today, the 80th anniversary of our Tatmadaw represents an occasion of profound significance. On this momentous day, I would like to emphasize the important points you all must be cognizant of.

Comrades,

In the annals of history, our Nation has stood resolutely as the First, Second, and Third Myanmar Empires, embodying the legacy of a unified and solidified national integrity. However, the prosperous Nation was compelled to relinquish its independence and sovereignty as a result of three successive imperialist incursions in 1824, 1852 and 1885. During the colonial period, the imperialists employed strategic manipulation and instigation to sustain their rule. Such instigation exacerbated mistrust among ethnic groups, eventually spiraling into the flames of armed conflict, driven by ideological divergence in the post-independence period. As the insurgencies plunged the Nation into a shambolic state in 1949, leading to the government being ironically dubbed the 'Yangon Government', the Tatmadaw made great sacrifices to save the Nation.

History bears witness that our Tatmadaw vanquished the insurgencies and triumphed over foreign intrusions, including the White China (Kuomintang) and the Mujahedeen. In the midst of that turbulent period, the Tatmadaw took charge as the Caretaker Government in 1958, striving to restore national stability and address the political upheaval triggered by the dissolution of political parties. By 1962,the Nation faced imminent devastation due to the inherent flaws of the 1947 Constitution, yet the Tatmadaw safeguarded the Nation from this dire situation.

Furthermore, due to the inherent weaknesses of the ruling party in the post-1980 period, the Tatmadaw assumed responsibility to safeguard the Nation amid the outbreak of mass violence, anarchic mobs, and the collapse of administrative control in 1988. In 2010, the Tatmadaw charted the course for the long-aspired multi-party democracy and collaborated in the Nation's development in accordance with the 2008 State Constitution. This collaboration was instrumental in the foundation for the continued stability and viability of the multi-party democratic system across two successive government bodies.

The ruling party perpetrated blatant electoral fraud during the 2020 Multi-Party Democratic General Election, violating the fundamental tenets of democracy, which demand fairness and legitimacy.This misconduct not only eroded democratic integrity but also engendered political corruption. Despite the Tatmadaw's repeated calls for accountability regarding widespread voting irregularities, the ruling party dismissed these concerns and proceeded with the Hluttaw, attempting to usurp the Nation's authority through unlawful coercion. In response, the Tatmadaw, in accordance with constitutional provisions, declared State of Emergency and assumed the responsibility of the Nation. I reaffirm that the Tatmadaw has stood firm in its commitment to protect the Nation and its people, from the independence struggle to the present, in times of danger to Our Three Main National Causes, and will remain resolutely dedicated to safeguarding our future.

Comrades,

In response to the demands of the modern era and the aspirations of the people, the 2008 Constitution which is imperative for fostering a multi-party democracy and market-oriented economic system, was ratified through a nationwide referendum on 29 May 2008. The 2008 Constitution was not adopted through the consent of any single individual or organization, but was the empirical result of rigorous intellectual deliberation and careful discourse, shaped by the historical narrative etched in the annals,and conducted by eight groups comprising over 1,000 representatives through a National Convention.

The Tatmadaw is not only safeguarding the Constitution in accordance with **Section 20 (F)** of the 2008 Constitution, which states, **'The Defence Services is primarily responsible for safeguarding the Constitution',** but also fulfiling its national political responsibility as outlined in **Section 6 (F)**, which stipulates, **'The Defence Services shall be enabled to participate in the national political leadership of the State'**. National politics grounded inour Three Main National Causes: Non-disintegration of the Union, Non-disintegration of National Solidarity and Perpetuation of Sovereignty represents the enduring principles devoted to safeguarding the Nation's interests and its people. To elaborate further, national politics does not merely mean party politics; it embodies the essence of statecraft, dedicated to preserving the national tranquility and development.

Comrades,

In the initial phase after the Tatmadaw assumed the responsibility of the Nation through the establishment of the State Administration Council,violent protests came into existence. However, certain representatives of the Hluttaw incited insurrection without consideration, exploiting public sentiment rather than resolving political matters through legitimate dialogue.This gave rise to so-called terrorist organizations: the NUG, CRPH, and PDF's whose actions have spread terrorism across the Nation. Similarly, destructive media outlets, working underthe aegis of opposition factions, relentlessly undermined national interests by spreading fake news and propaganda, further fueling the escalation of political conflict. Additionally, there was a deliberate effort to incite civil servants to betray their duty and flee the Nation and its people, aiming to dismantle the administrative mechanism. Simultaneously, terror was unleashed upon individuals who refused to conform to their ideological narrative, subjecting them to brutal killings under the label of 'Dalang'or'Collaborator'. To expound upon this, the political objectives were pursued through armed terrorism and foreign support.

နှစ်(၈၀)ပြည့် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယကာကွယ်ရေးဝန်ကြီး Colonel General Alexander Vasilyevich Fomin နှင့် အဖွဲ့ဝင်များ၊ ဘယ်လာရုစ်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီး Lieutenant General Viktar Gennadyevich Khrenin နှင့် အဖွဲ့ဝင်များ၊ ညီနွှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် သရေစည်သူ ကျော်စွာလင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် ထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင်စည်သူထွန်းအောင်၊ ကောင်စီအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကောင်စီဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ရဲဘော်သုံးကျိပ်ဝင်မိသားစုဝင်များ၊ အငြိမ်းစားတပ်မတော် ကာကွယ်ရေးဦးစီးချုပ်များ၏ မိသားစုဝင်များ၊ အငြိမ်းစားတပ်မတော်(ကြည်း၊ ရေ၊ လေ)အရာရှိကြီးများ၊ လွတ်လပ်ရေးမော်ကွန်းဝင် ပထမအဆင့်၊ ဒုတိယအဆင့်နှင့် တတိယအဆင့် မော်ကွန်းဝင်ပုဂ္ဂိုလ်များ၊ အကြံပေးပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်သားအငြိမ်းစားသံအမတ်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ နိုင်ငံခြားစစ်သံရုံးများမှ စစ်သံမှူးများနှင့် တာဝန်ရှိသူများ၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌများနှင့်တာဝန်ရှိသူများ၊ အောင်ဆန်းသူရိယဘွဲ့ရရှိခဲ့သူများ၏ မိသားစုဝင်များနှင့် ဆွေမျိုးများ၊ သီဟသူရဘွဲ့၊ သူရဘွဲ့နှင့် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့၊ သူရဲကောင်းမှတ်တမ်းဝင် တံဆိပ်ရရှိခဲ့ကြသည့် အရာရှိ၊ စစ်သည်များနှင့်မိသားစုဝင်များ၊ ဆွေမျိုးများ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ အသွင်ပြောင်းပြည်သူ့စစ်၊ မူလပြည်သူ့စစ်နှင့် နယ်ခြားစောင့် ဗဟိုအကြံပေးကွပ်ကဲရေးအဖွဲ့များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့တို့မှပုဂ္ဂိုလ်များ၊ ဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိသူများနှင့်ဝန်ထမ်းများ၊ ဝိုင်အမ်ဘီအေအသင်းကြီး၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအသင်းဗဟိုတို့မှ တာဝန်ရှိသူများ၊ တပ်မတော်နေ့ဂုဏ်ပြုဇာတ်လမ်းတွင်ပါဝင်ခဲ့သည့် အနုပညာရှင်များ၊ စစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာ၊ ဝတ္ထုတို၊ ဝတ္ထုရှည်ပြိုင်ပွဲများတွင် ဆုရရှိကြသူများ၊ တပ်မတော်နေ့အလှူရှင်များ၊ သတင်းမီဒီယာကောင်စီ၊ ရုပ်ရှင်သဘင်ဂိတအစည်းအရုံးနှင့် သေနင်္ဂဗျူဟာလေ့လာရေးအဖွဲ့တို့မှ တာဝန်ရှိသူများ၊ တက္ကသိုလ်လေ့ကျင့်ရေးတပ်များမှ တပ်ဖွဲ့ဝင်များ၊ တိုင်းရင်းသားဖွံ့ဖြိုးရေးတက္ကသိုလ်မှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့်ပြည်တွင်း၊ ပြည်ပသတင်းမီဒီယာများ တက်ရောက်ကြသည်။ ပြည်ပဧည့်သည်တော်ကြီးများအတွက် SIS (Simultaneous Interpretation System) ဘာသာပြန်စက်များ တပ်ဆင်ထားရှိခြင်းအားဖြင့် ဘာသာစကားဆိုင်ရာ ကန့်သတ်ချက်များကိုကျော်လွန်၍ ပေါင်းကူးပေးနိုင်မည်ဖြစ်သည်။ ဆိုရလျှင် စစ်ရေးပြအခမ်းအနားကြီးတစ်ရပ်လုံး၏ အစီအစဉ်များနှင့်တကွ တပ်မတော်၏ ကြိုးပမ်းဆောင်ရွက်မှု သမိုင်းကြောင်းအစဉ်အလာများကို ပြည်တွင်းပြည်ပဧည့်သည်တော်ကြီးများအား လုံး ဝူညီသောအချိန်တစ်ခုအတွင်းမှာပင် တစ်ပြေးညီ ထိတွေ့သိရှိနိုင်ခဲ့ပြီဖြစ်သည်။

သိဂ်ီလောဝါဒသုတ်တွင် မြတ်ဗုဒ္ဓက “အကြင်သူသည် အကြောင်းကိစ္စပေါ်တတ်သော် အဖော်သဟဲဖြစ်၏။ ထိုသူသည် မိတ်ဆွေစစ်မည်၏” ဟု ဟောကြားတော်မူခဲ့သည်။ လွတ်လပ်ရေးကြိုးပမ်းမှုကာလမှ ယနေ့အချိန်ထိ မည်သည့်ခေတ်စနစ်တွင်မဆို နိုင်ငံတော်နှင့်ပြည်သူတို့ အကျပ်အတည်းဘေးဒုက္ခကြုံတွေ့တိုင်း အစဉ်အမြဲလက်တွဲဦးဆောင်၍ မားမားမတ်မတ်ရပ်တည်ပေးခဲ့သူမှာ မြန်မာ့တပ်မတော်ပင်ဖြစ်သည်။ ဤသို့လျှင် နိုင်ငံတော်နှင့်ပြည်သူအတွက် သမိုင်းမှတ်တိုင်ကောင်းများစိုက်ထူ၍ မရပ်မနားခရီးနှင်ခဲ့သော ပြည်ထောင်စုတပ်မတော်ကြီးမှာ နှစ်(၈၀)တိုင်သည်အထိ အစဉ်အလာကောင်းများနှင့်အညီ **“အောင်ကမ္ဘည်းရယ်နဲ့ အောင်ခရီး အောင်စည်ဝေ”** ခဲ့ပြီဖြစ်ပါကြောင်း ဂုဏ်ပြုညွှန်ဆိုရေးသားလိုက်ရပါသည်။ ။

သစ္စာပြုကြောင်း သက်သေလောင်း

* တပ်မတော်လျှင်၊ ပန်းဥယျာဉ်ဟု
မြေပြင်တင့်ရွှန်း၊ ဆိုဖွဲ့ညွှန်းသော်
ချစ်ခွန်းချို့ကြည်၊ ပန်းဝေစည်၍
ထုံအီရန်၊ စုံညီခံ့ဖို့
လှိုင်ပျံ့ထုံကြွေယ်၊ မာလာနွယ်တို့
တစ်နွယ်တစ်ခက်၊ ကိုယ်စီဆက်၍
ပန်းခက်များစွာ၊ စုစည်းရာမှ
မဟာဥယျာဉ်၊ ဖြာနုလွင်ဟု
ယှဉ်နှိုင်းမသွေ၊ ရင်လှိုင်းဝေခဲ့။

* တပ်မတော်လျှင်၊ ပင်လယ်ပြင်ဟု
ရေလျဉ်သိုင်းချဲ့၊ တင်စားခဲ့သော်
စုဖွဲ့တည်ဖြစ်၊ ချောင်းမှမြစ်တည့်
အချစ်ဆင့်လောင်း၊ မြစ်နှင့်ချောင်းတည့်
မြစ်ချောင်းအစု၊ မိုးပေါက်ကျမှ
ကျသည့်မိုးပေါက်၊ မချိုးလောက်လည်း
မိုးပေါက်များစွာ၊ စုစည်းရာမှ
မဟာပင်လယ်၊ လွှာပြင်ကျယ်ဟု
နှိုင်းဖွယ်မရှိ၊ လှိုင်းသွယ်အိခဲ့။

* တပ်မတော်လျှင်၊ မိုးကောင်းကင်ဟု
ဝေဟင်တံတိုင်း၊ ပုံဖွဲ့နှိုင်းသော်
တိမ်လှိုင်းထူစွာ၊ ပိတ်ဆီးကာ၍
ဝဋ္ဌာဖြန့်ကျင်း၊ ဖြာဓာတ်ကင်းစဉ်
ညခင်းအရောင်၊ ပဝင်းပြောင်ဖို့
အမှောင်ခွင်းပယ်၊ တစ်ပွင့်ကြယ်တည့်
ကြယ်ပွင့်များစွာ၊ စုစည်းရာမှ
မဟာကောင်းကင်၊ အလင်းရှင်ဟု
နှိုင်းယှဉ်ခဏာ၊ တိုင်းခွင်လှခဲ့။

* အို – “တပ်မတော်လျှင်၊ ပန်းဥယျာဉ်” ဟု
“တပ်မတော်လျှင်၊ ပင်လယ်ပြင်” ဟု
“တပ်မတော်လျှင်၊ မိုးကောင်းကင်” ဟု
ဂုဏ်အင်ဖွဲ့ထူး၊ လင်္ကာကျူးက
ပန်းဖူးတစ်ခက် မိုးစက်တစ်ပေါက်
တောက်ပကြယ်စင်၊ ဘယ်သူ့အသွင်လဲ
“မြေပြင်တစ်လွှား၊ တိုင်းပြည့်အား” တည့်
“ရေပြင်ကစား၊ တိုင်းပြည့်အား” တည့်
“ဝေဟင်တံခါး၊ တိုင်းပြည့်အား” တည့်
သားချစ်သူရဲ၊ ပြည့်မျက်ရွဲတို့
ရဲသော်မသေ၊ နွဲပျော်လေခဲ့
သေလည်းမဖြို၊ မြေဟည်းတုန်စေ
ကြုံလာတိုက်ပွဲ၊ ရာထောင်ကဲလည်း
အသည်းမာထန်၊ ဇွဲမှာစံဖြင့်
ဖျက်ရန်မှုန်းချေ၊ အမိမြေကို
တို့တွေလက်ထက်၊ ပဲ့မထွက်အောင်
သက်စွန့်ကွယ်ကာ၊ စောင့်ရှောက်ပါအံ့
သစ္စာပြုကြောင်း၊ သက်သေလောင်း၍
တပေါင်းမော်ကွန်း ထူသည်တကား။ ။

ပုလောစိုးနံ့သာ

နေပြည်တော်ရှိ တပ်မတော်ပန်းခြံသို့ အများပြည်သူမည်သူမဆို အခမဲ့ဝင်ရောက်ကြည့်ရှုအပန်းဖြေလေ့လာနိုင်ရန် ဖွင့်လှစ်ထားရှိမည်

နှစ်(၈၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် နေပြည်တော်ရှိ တပ်မတော်ပန်းခြံ၌ ရေပန်းများ၊ မီးအလှများတပ်ဆင်ထားရှိပြီး တပ်မတော်နေ့အထိမ်းအမှတ် မီးရှူးတိုင်၊ ပထမ၊ ဒုတိယ၊ တတိယမြန်မာနိုင်ငံတော်ကို ထူထောင်ခဲ့သော အနော်ရထာ၊ ဘုရင့်နောင်၊ အလောင်းဘုရား မင်းမြတ်သုံးပါးရုပ်တုတို့အား အများပြည်သူမည်သူမဆို အခမဲ့ဝင်ရောက်ကြည့်ရှုအပန်းဖြေလေ့လာနိုင်ရန် တပ်မတော်ပန်းခြံအား မတ်လ ၂၇ ရက်မှ ၃၁ ရက်အထိ နေ့စဉ် ညနေ ၅ နာရီခွဲမှ ည ၉ နာရီခွဲအထိ ဖွင့်လှစ်ထားရှိမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

တပ်မတော်နေ့ကျင်းပရေးစီမံခန့်ခွဲရေးကော်မတီ

မြို့	အနိမ့်ဆုံး	/	အမြင့်ဆုံးအပူချိန်
နေပြည်တော်	၂၂·c	/	၃၇·c
ရန်ကုန်	၂၂·c	/	၃၈·c
မန္တလေး	၂၃·c	/	၃၉·c

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

နှစ်(၈၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ဆုရရှိသောစစ်ရေးပြတပ်ခွဲများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကျင်းပ



ညီနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်း စံပြတပ်ခွဲပထမဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) ကိုယ်စားပြုစစ်ရေးပြဂုဏ်ပြုတပ်ခွဲအား ဒိုင်းဆုနှင့်ဂုဏ်ပြုဆွေ ပေးအပ်ချီးမြှင့်စဉ်။

နေပြည်တော် မတ် ၂၇

နှစ်(၈၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ဆုရရှိကြသော စစ်ရေးပြတပ်ခွဲများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကို ယနေ့ ညဉ့်ပိုင်းတွင် နေပြည်တော်ရှိ စုရပ်သစ် တပ်စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်ရာ ညီနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်းအား စစ်ရေးပြမှူးကြီး ဗိုလ်ချုပ်ရဲကျော်သူ ဦးဆောင်သည့် စစ်ရေးပြစစ်ကြောင်းများက အလေးပြုကြသည်။

ဦးစွာ ဆုချီးမြှင့်ပွဲသို့ တက်ရောက်လာသည့် ညီနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်းအား စစ်ရေးပြမှူးကြီး ဗိုလ်ချုပ်ရဲကျော်သူ ဦးဆောင်သည့် စစ်ရေးပြစစ်ကြောင်းများက အလေးပြုကြသည်။

ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးထိန်ဝင်းက ဂုဏ်ပြုဆုများရရှိကြသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) အထူးတပ်ဖွဲ့စစ်ရေးပြတပ်ခွဲ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) အထူးတာဝန်တပ်ဖွဲ့(အမျိုးသမီး) စစ်ရေးပြတပ်ခွဲ၊ ဗဟိုစစ်တီးဝိုင်းအဖွဲ့၊ လေအိတ်ပလွေတီးဝိုင်းအဖွဲ့၊ အောင်ဇေယျစစ်ကြောင်း(အမျိုးသမီး)အလံအဖွဲ့၊ မြင်းစီးစစ်ရေးပြတပ်ခွဲ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲတီဝိုင်းအဖွဲ့ နှင့် စစ်တီးဝိုင်းအဖွဲ့အကောင်းဆုံးဆုရရှိသည့် ဘုရင့်နောင်စစ်ကြောင်းစစ်တီးဝိုင်းအဖွဲ့၊ အလံအဖွဲ့အကောင်းဆုံးဆုရရှိသည့် ဘုရင့်နောင်စစ်ကြောင်းအလံအဖွဲ့၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) (အမျိုးသမီး)တပ်ခွဲ တတိယဆုရရှိသည့်ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)ကိုယ်စားပြု(အမျိုးသမီး) စစ်ရေးပြတပ်ခွဲ(၂)၊ အကောင်းဆုံးစခန်းတတိယဆုရရှိသည့်လေကြောင်းချီတပ်ဖွဲ့ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ စစ်ချီသီချင်းအကောင်းဆုံး တတိယဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) ကိုယ်စားပြုစစ်ရေးပြတပ်ခွဲ(၂)၊ စစ်ရေးပြအကောင်းဆုံး ဒုတိယဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၁)တို့အား ဂုဏ်ပြုဒိုင်းဆုများနှင့်ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦးက မြန်မာနိုင်ငံရဲတပ်ဖွဲ့(အမျိုးသမီး)တပ်ခွဲ ဒုတိယဆုရရှိသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ကိုယ်စားပြု(အမျိုးသမီး) စစ်ရေးပြတပ်ခွဲ(၂)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့(အမျိုးသား)တပ်ခွဲ ဒုတိယဆုရရှိသည့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ကိုယ်စားပြု(အမျိုးသား) စစ်ရေးပြတပ်ခွဲ(၁)၊ တပ်မတော် (ကြည်း၊ ရေ၊ လေ)(အမျိုးသမီး) တပ်ခွဲ ဒုတိယဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြု(အမျိုးသမီး) စစ်ရေးပြတပ်ခွဲ(၁)၊ အကောင်းဆုံးစခန်း ဒုတိယဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၁)၊ စစ်ချီသီချင်းအကောင်းဆုံး ဒုတိယဆုရရှိသည့် လျှပ်စစ်နှင့်စက်မှုအင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ စစ်စည်းကမ်းအကောင်းဆုံး ဒုတိယဆုရရှိသည့် ဆက်သွယ်ရေးညွှန်ကြားရေးမှူးရုံးကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ စစ်ရေးပြအကောင်းဆုံး ဒုတိယဆုရရှိသည့် စစ်လက်နက်ပစ္စည်းညွှန်ကြားရေးမှူးရုံး ကိုယ်စားပြုစစ်ရေးပြတပ်ခွဲ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့(အမျိုးသမီး)တပ်ခွဲ ပထမဆုရရှိသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ကိုယ်စားပြု(အမျိုးသမီး)စစ်ရေးပြဂုဏ်ပြုတပ်ခွဲ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ (အမျိုးသား) တပ်ခွဲပထမဆုရရှိသည့်မြန်မာနိုင်ငံရဲတပ်ဖွဲ့ကိုယ်စားပြု(အမျိုးသား) စစ်ရေးပြတပ်ခွဲ(၃)၊ တပ်မတော်(ကြည်း၊ ရေ၊ လေ)(အမျိုးသမီး) တပ်ခွဲ ပထမဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) ကိုယ်စားပြု(အမျိုးသမီး) စစ်ရေးပြတပ်ခွဲ(၁)၊ အကောင်းဆုံးစခန်း ပထမဆုရရှိသည့်လေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့အရာရှိချုပ်ရုံး ကိုယ်စားပြုစစ်ရေးပြတပ်ခွဲ၊ စစ်ချီသီချင်းအကောင်းဆုံး ပထမဆုရရှိသည့် ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေးအရာရှိချုပ်ရုံးကိုယ်စားပြု စစ်ရေးပြဂုဏ်ပြုတပ်ခွဲ၊ စစ်စည်းကမ်းအကောင်းဆုံး ပထမဆုရရှိသည့် အမြောက်တပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံးကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ စစ်ရေးပြအကောင်းဆုံး ပထမဆုရရှိသည့် သံချပ်ကာယန္တရားတပ်ဖွဲ့ညွှန်ကြားရေးမှူးရုံးကိုယ်စားပြု စစ်ရေးပြတပ်ခွဲတို့ကို ဂုဏ်ပြုဒိုင်းဆုများနှင့် ဂုဏ်ပြုဆုငွေများအား ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ညီနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်းက ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) အုပ်ဖွဲ့ ပျံသန်းအဖွဲ့ ဂုဏ်ပြုဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) အုပ်ဖွဲ့ ပျံသန်းအဖွဲ့၊ စံပြတပ်ခွဲ တတိယဆုရရှိသည့် စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ စံပြတပ်ခွဲဒုတိယဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)ကိုယ်စားပြုစစ်ရေးပြဂုဏ်ပြုတပ်ခွဲ၊ စံပြတပ်ခွဲပထမဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) ကိုယ်စားပြု စစ်ရေးပြဂုဏ်ပြုတပ်ခွဲများအား ဒိုင်းဆုနှင့်ဂုဏ်ပြုဆွေများအား ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ညီနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်းက ဂုဏ်ပြုအမှာစကားပြောကြားပြီး ဆုချီးမြှင့်ပွဲကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရုရှားကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ရေးရာကောင်စီဥက္ကဋ္ဌ Mr. Pavel Nikoleaevich GUSEV နှင့်အဖွဲ့ စစ်သမိုင်းပြတိုက်အားလေ့လာ၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးနှင့်တွေ့ဆုံ



ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ဇော်မင်းထွန်း ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ရုရှားကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ရေးရာကောင်စီဥက္ကဋ္ဌ Mr. Pavel Nikoleaevich GUSEV ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။



ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ရုရှားကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ရေးရာကောင်စီဥက္ကဋ္ဌ Mr. Pavel Nikoleaevich GUSEV ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)ရှိ ပြခန်းများအားလေ့လာစဉ်။

နေပြည်တော် မတ် ၂၇

ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ဇော်မင်းထွန်းသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ရုရှားကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ရေးရာကောင်စီဥက္ကဋ္ဌ Mr. Pavel Nikoleaevich GUSEV ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်) အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ဇော်မင်းထွန်းနှင့်အတူ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန်ဦးမြင့်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ရုရှားကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ရေးရာကောင်စီဥက္ကဋ္ဌ Mr. Pavel Nikoleaevich GUSEV နှင့်အတူ ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် ရုရှား-မြန်မာနှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေး ပိုမိုတိုးတက်ကောင်းမွန်လာသည့် အခြေအနေများ၊ ပြည်သူ့ရေးရာကောင်စီအနေဖြင့် ရုရှားတပ်မတော်နှင့်ပြည်သူလူထုအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ လေ့လာရေးခရီးစဉ်များအဖြစ် နှစ်နိုင်ငံ လူငယ်များကို အပြန်အလှန်စေလွှတ်ပေးရေးအခြေအနေများနှင့် မြန်မာနိုင်ငံ၌ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ပြည်သူ့ရေးရာကောင်စီမှ လာရောက်လေ့လာနိုင်သည့် အခြေအနေများအား ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြပြီး အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြကာ စုပေါင်းမှတ်တမ်းတင်ခြင်းဖြင့် အစီအစဉ်ပြီးဆုံးခဲ့ကြောင်း သတင်းရရှိသည်။

ထို့နောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ရုရှားကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ရေးရာကောင်စီဥက္ကဋ္ဌ Mr. Pavel Nikoleaevich GUSEV ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)ရှိ ပြခန်းများအားလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

အင်္ဂလန်နိုင်ငံ International Brewing Awards ၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards ၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection ၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .

'3ဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ'





ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈၅

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄


STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၀၉၀၇၇

ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀) မြို့ငကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀) ပြည်ညောင်တို့မှ

ထုတ်လုပ်သော **ကြံ့၊ ဆင်နှစ်ကောင်၊ Blue Diamond** နှင့် **မြင်းပျံ** အမှတ်တံဆိပ် ဘိလပ်မြေများအား

စက်ရုံ နှင့် အရောင်းကိုယ်စားလှယ်များထံမှ လိုအပ်သလောက် ဝယ်ယူရရှိနိုင်ပါသည်။









ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀)

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၄၄၉၂၅၂၂၄

အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ ၇၇၇၀၀၂၇၀၄၊ ၀၉၇၇၇၀၀၄၀၉၇

ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀)

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၇၇၇၀၀၄၇၀၀

အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ ၇၇၇၀၀ ၂၆၇၀

SINCE 1959

မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းကုမ္ပဏီလီမိတက်

- နိုင်ငံတကာ ကုန်စည်သယ်ယူပို့ဆောင်ရေးလုပ်ငန်း
- ကုန်သွေတွာသယ်ယူပို့ဆောင်ရေးလုပ်ငန်း
- ကမ်းရိုးတန်း ကုန်စည်ပို့ဆောင်ရေးလုပ်ငန်း
- သာကေတ ကုန်သွေတွာထားသိုစခန်း
- သာကေတ ဆီပိပ်ခံတံတားလုပ်ငန်း
- သာကေတ ကုန်လှောင်ရုံလုပ်ငန်း

ဆက်သွယ်ရန် မုန်းနံပါတ်

ရုံးချုပ် - ၀၁ ၈၂၉ ၆၂၅၃၊ ၀၉ ၅၅၀၃၉၃၄

သာကေတရုံး - ၀၉ - ၅၅၀ ၄၅၄၆၊ ၀၉ - ၇၈၅ ၁၅၄ ၀၇၈၊ ၀၉ - ၅၁၅ ၉၆၉၇

မြန်မာလင်း(နှ)အင်(နှ)ခမဲလော့(ပ)မ်င့်(တ်)လီမိတက်

Myanmar Land and Development Limited

အဆင့်မြင့်နည်းပညာဖြင့် ပစ္စည်းအစစ်အမှန်သုံးကာ မြန်-ကောင်း-သက်သာ စိတ်တိုင်းကျစွာဖြင့် ဆောက်လုပ်ပေးမှာ MLDL ပါ



ဆက်သွယ်ရန်

Myanmar Land and Development Limited၊ အမှတ်(၁/၂)၊ သိရိဂုတ္တာလမ်း၊ ခွာညိုပန်းအိုင်းအနီး၊ ဇေနသိဒ္ဓိရပ်ကွက်၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်။

ဖုန်း - ၀၆၇ ၃၄၃၅၈၁၊ ၀၆၇ ၃၄၃၅၈၂၊ ၀၆၇ ၃၄၃၅၈၄၊ ၀၆၇ ၃၄၃၅၈၃၊ Fax - ၀၆၇ ၃၄၃၅၈၈၊ Email; myanmarland2005@gmail.com

ဒုတိယအကြိမ်မြောက် တရုတ်-မြန်မာ ပူးတွဲသုတေသန အဆိုပြုစီမံကိန်းများအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ တက်ရောက်



နေပြည်တော် မတ် ၂၇

ဒုတိယအကြိမ်မြောက် တရုတ်-မြန်မာ ပူးတွဲသုတေသနအဆိုပြုစီမံကိန်းများအတွက် တရုတ်-မြန်မာပူးတွဲလုပ်ငန်းအဖွဲ့ ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲပိုင်းက သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ Hybrid စနစ်ဖြင့် ကျင်းပသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးတွင် ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျက ဒုတိယအကြိမ်မြောက် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား သိပ္ပံနှင့်နည်းပညာ ပူးပေါင်းဆောင်ရွက်ရေး ပရောဂျက်များနှင့် စပ်လျဉ်း၍ ရွေးချယ်ဆောင်ရွက်နိုင်ရန်နှင့် တရုတ်-မြန်မာ သံတမန်ဆက်ဆံရေး ထူထောင်ခြင်း (၇၅)နှစ်ပြည့် စိန်ရတု အထိမ်းအမှတ်နှစ်ဖက်အကျိုးရှိသည့်လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရန်ရည်ရွယ်၍ အစည်းအဝေးကိုကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ စီမံကိန်းလျှောက်ထားသည့် အဖွဲ့အစည်းများက သုတေသနစီမံကိန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြပြီး ဒုတိယဝန်ကြီးကပြန်လည်ရှင်းလင်းပြောကြားသည်။

အဆိုပါဆွေးနွေးပွဲသို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန သိပ္ပံနှင့်နည်းပညာပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပူးတွဲလုပ်ငန်းအဖွဲ့ဝင်များ၊ စီမံကိန်းလျှောက်ထားသည့် အဖွဲ့အစည်းများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတော်မှ အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင်ဆက်စပ်ပါဝင်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၃၆၅ ဦး သက်ဆိုင်ရာနိုင်ငံသို့ ထပ်မံပြည်နှင်လွှဲပြောင်းပေးအပ်



အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင်ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးအပ်စဉ်။

နေပြည်တော် မတ် ၂၇

မြန်မာ-တရုတ်-ထိုင်း သုံးနိုင်ငံအကြား သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်မှုပုံစံ (Trilateral Cooperation) ဖြင့် အွန်လိုင်းအသုံးပြုလိမ်လည်မှု (Online Scam) နှင့် အွန်လိုင်းလောင်းကစားမှု (Online Gambling) လုပ်ဆောင်နေကြသူများ၊ ပါဝင်ပတ်သက်သူများနှင့် နောက်ကွယ်မှကြိုးကိုင်သော ပြည်ပနိုင်ငံသားများကို ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ်တိုက်ဖျက်လျက်ရှိရာ ယနေ့တွင် အဆိုပါလုပ်ငန်းများ၌ ဆက်စပ်ပါဝင်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၃၆၅ ဦးကို မြန်မာ - ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် အညီ ထပ်မံပြည်နှင်လွှဲပြောင်းပေးသည်။

ဦးစွာ ကရင်ပြည်နယ်အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီးဦးစောထွန်းအောင်နှင့်တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံကာ ပြည်ပနိုင်ငံသားများ၏ ပြည်နှင်လွှဲပြောင်းပေးရေးလုပ်ငန်းစဉ်များ စနစ်တကျဖြစ်စေရေး၊ စာရင်းဇယားအချက်အလက်များ ပြည့်စုံမှန်ကန်မှုရှိရေးနှင့် ၎င်းတို့၏ နေထိုင်စားသောက်ရေး၊ ကျန်းမာရေး၊ လုံခြုံရေး အစရှိသည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ လိုက်လံကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များဖြည့်စွက်မှာကြားကာ ပေါင်းစပ်ညှိနှိုင်းမှုများ ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကို ကျင်းပခဲ့ရာ ကရင်ပြည်နယ်အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်နှင့် တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ပြစ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးရေးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Liu Ning Ning နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိညွှတ်သို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်မှ မတ်လ ၂၇ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၈၆၇၀ ဦးကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၆၁၆၃ ဦးကို ထိုင်းနိုင်ငံမှ တစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၅၀၇ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

အဆိုပါ ထိန်းသိမ်းနိုင်ခဲ့သည့် ပြည်ပနိုင်ငံသား ၈၆၇၀ ဦးတို့သည် တရုတ်၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ မလေးရှား၊ ပါကစ္စတန်၊ အိန္ဒိယ၊ ယူဂန်ဒါ၊ အီသီယိုးပီးယား၊ နီပေါ၊ ထိုင်း၊ ရာဝမ်ဒါ၊ ကင်ညာ၊ ကာဇက်စတန်၊ ကမ္ဘောဒီးယား၊ ဂါနာ၊ ဘင်္ဂလားဒေ့ရှ်၊ ဂျပန်၊ သီရိလင်္ကာ၊ တောင်အာဖရိက၊ တူနီးရှား၊ အယ်ဂျီးရီးယား၊ ကွန်ဂို၊ ကင်မရွန်း၊ ဥဇဘတ်ကစ္စတန်၊ နိုင်ဂျီးရီးယား၊ ကာဂျစ္စတန်၊ နမီးဘီးယား၊ မာဒါဂတ်စကား၊ ရိုမေးနီးယား၊ ရုရှား၊ ဖိလစ်ပိုင်နှင့် တရုတ် (တိုင်ပေ) တို့မှ နိုင်ငံသားများဖြစ်ကြပြီး အများစုမှာ တရုတ်နိုင်ငံသားများဖြစ်ကြကြောင်း သတင်းရရှိသည်။ **(၁၀၀)**

အီဂျစ်နိုင်ငံတွင် အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူနှစ်ဦးအား အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်

ရန်ကုန် မတ် ၂၇

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပတွင် ရောက်ရှိနေသည့် အမိနိုင်ငံသားများ အခက်အခဲကြုံတွေ့ရပါက နိုင်ငံသားများအပေါ် အလေးအနက်ထားတန်ဖိုးထားသည့်အနေဖြင့် မည်သို့သောအခြေအနေနှင့် တွေ့ကြုံရသည်ဖြစ်စေ မြန်မာသံရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့သည် သက်ဆိုင်ရာသံရုံးများနှင့် ချိတ်ဆက်၍ အမိနိုင်ငံသားများ မြန်မာနိုင်ငံသို့ အမြန်ဆုံးအေးချမ်းလုံခြုံစွာ ပြန်လည်ရောက်ရှိနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ အီဂျစ်နိုင်ငံ ကိုင်ရိုမြို့ရှိ မြန်မာသံရုံးသည် အီဂျစ်နိုင်ငံတွင် အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူ မဖြူနွင်းဝေနှင့် မမူယုံခမ်းတို့အား အမိနိုင်ငံသို့ အမြန်ဆုံးပြန်လည်ပို့ဆောင်နိုင်ရန် အီဂျစ်အမျိုးသားလုံခြုံရေးဌာန၊ အီဂျစ်လူဝင်မှုကြီးကြပ်ရေးဌာနနှင့် ၎င်းတို့၏ အလုပ်ရှင်တို့ဖြင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ မတ်လ ၂၆ ရက်၌ အီဂျစ်နိုင်ငံမှ Cairo – Doha – Bangkok – Yangon ခရီးစဉ်ဖြင့် ထွက်ခွာနိုင်ခဲ့ပြီး ထိုနေ့ ည ၉ နာရီ ၃၅ မိနစ်တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့သည်။

ပြည်ပတွင် အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့ရသည့် မြန်မာနိုင်ငံသားများအား မြန်မာသံရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့၏ ညှိနှိုင်းကူညီဆောင်ရွက်ပေးမှုဖြင့် အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးလျက်ရှိရာ ယခုကဲ့သို့ အမိနိုင်ငံသားများ အတိဒုက္ခကြုံတွေ့နေရစဉ် ကူညီကယ်တင်ပေးမှုအား အလုပ်သမားနှင့်မိဘဆွေမျိုးများက နိုင်ငံတော်အစိုးရ၊ မြန်မာသံရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့အား လှိုက်လှဲစွာ အထူးကျေးဇူးတင်ရှိကြောင်း သိရသည်။

ညိမ်းသူ (သတင်းစဉ်)၊ ဓာတ်ပုံ-ကနူး



ထူးခြားသည့် နေ့အပူချိန်များ

၂၇-၃-၂၀၂၅

ချောက်	၄၀ ဒသမ ၂	ဒီဂရီဆဲလ်စီးယက်	တောင်တွင်းကြီး	၄၀ ဒသမ ၀	ဒီဂရီဆဲလ်စီးယက်
မကွေး	၄၀ ဒသမ ၁	ဒီဂရီဆဲလ်စီးယက်	ကော့ကရိတ်	၄၀ ဒသမ ၀	ဒီဂရီဆဲလ်စီးယက်
ညောင်လေးပင်	၄၀ ဒသမ ၀	ဒီဂရီဆဲလ်စီးယက်	ရွှေကျင်	၃၉ ဒသမ ၄	ဒီဂရီဆဲလ်စီးယက်
			မင်းဘူး	၃၉ ဒသမ ၂	ဒီဂရီဆဲလ်စီးယက်

တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

ယမန်နေ့မှအဆက်

ချစ်ဖို့ဆိုသည်မှာ စံဒေဝီနှင့်လွဲကတည်းက ကျွန်ုပ် အဖို့ရာ၌ (အပြန်အလှန်) မျှော်လင့်ချက်ကင်းခဲ့ပြီ ဖြစ်ရာ တစ်ယောက်နှင့်တစ်ယောက် ကြင်နာတတ်လျှင် ပထမတန်းအိမ်ထောင်ဖက်ဖြစ်ဖို့ လုံလောက်သည်ဟု ကျွန်ုပ်ယုံကြည်သည်။ (မျက်နှာကို မြင်လိုက်ရသည်ဖြစ်စေ၊ အသံကို ကြားလိုက်ရသည်ဖြစ်စေ ရင်ထဲ၌ ဒိတ်ခနဲလှုပ်ခုန်သွားသောအဖြစ်မျိုးမူကား စံဒေဝီမှလွဲ၍ မည်သည့်မိန်းကလေးအတွက်မျှ တစ်သက်လုံး ကြုံခဲ့ရဖူးခြင်းမရှိပေ။) တခြားသော အခြင်းအရာများ မည်မျှလောက်ပြည့်စုံစေ ရက်စက်သော စိတ်သဘောရှိသည့် မိန်းမတစ်ယောက်သည် ကျွန်ုပ်အဖို့ အကောင်းဆုံးမယားမဟုတ်နိုင်ဟု (မှန်ချင်မှန်၊ မှားချင်မှား) ကျွန်ုပ် တွက်မိသည်။ ကျွန်ုပ်သည် ထိုစဉ်က ဤအကြောင်းအရာများကို ရေးရေးမျှသာ ရိပ်မိပေရာ အကောက်စာရေးကြီးကတော်က ကျွန်ုပ်အား ခနဲ့လိုက်၍ ကျွန်ုပ်၏မျက်နှာ ရှိန်းသွားခြင်းကို ကိုယ့်ဟာကိုယ်သိလိုက်သောအခါ၌မူကား ငါသည် မစိုးဘက်သို့ ယိမ်းလျက်ရှိချေသည်တကားဟု သိလိုက်ရပါသည်။ သို့ရာတွင် စံဒေဝီကဲ့သို့ အချစ်သက်သက်မဟုတ်။ ကရုဏာဖက်ခြင်းကိုလည်း ကျွန်ုပ် နားလည်ပါသည်။ သို့နှင့်ပင် ကျွန်ုပ်သည် အတိအကျ ဆုံးဖြတ်ချက်ချခြင်းကား မဟုတ်သေးပေ။ ဆိုလိုရင်းမှာ ငါသည် ယနေ့ည မစိုးအား ချစ်ကြိုက်ကြောင်းကို ဖွင့်ဟ၍ ပြောပါတော့မည်ဟုပင် ဆုံးဖြတ်ရသေးသည် မဟုတ်ချေ။ အတည်ယူမည်မကြံဘဲနှင့် လူပျိုလှည့်ခြင်းအလုပ်မှာ ကျွန်ုပ်၏ အလေ့အကျင့် မဟုတ်ချေ။



ပေါင်းတင်းနှင့် ငါးဖယ်ကြော်

ထိုညဦး၌ ကျွန်ုပ်သည် အကောက်စာရေးကြီးအိမ်မှ ညစာစားပြီးနောက် မစိုးတို့၏အိမ်သို့ ခပ်စောစော သွားရောက်၏။ စောစောသွားခြင်းမှာ ပေါင်းတင်းဖုတ်ခြင်းကို အစအဆုံးမြင်လိုသောကြောင့်ဖြစ်၏။ ကျွန်ုပ်၏ဝါသနာတစ်ခုမှာ ကောင်းသောအစာကို စားရရုံနှင့်မပြီးဘဲ ကိုယ်တိုင်လုပ်တတ်သည်အထိ သူတစ်ပါးလုပ်ခြင်းများကို စောင့်ကြည့်လိုခြင်းပင် ဖြစ်လေသည်။ ကျွန်ုပ်ရောက်သွားသောအခါ ငါးဖယ်ကြော်အချပ်ကြီးများမှာ ကြော်ပြီးပြီဖြစ်၍ နံနံပင်နှင့် ကြက်သွန်မြိတ်များက တစ်ပန်းကန်ပြား၊ ငါးဖယ်ကြော် အချပ်ကြီးများက တစ်ပန်းကန်ပြားအပြည့်ကြော်ပြီး၍ ပေါင်းတင်းဖုတ်ရုံမျှသာ ကျန်လေတော့သည်။ ငါးဖယ်ကြော်များမှာ မီးဖိုချောင်၌ကြော်ရ၍ ပေါင်းတင်းမူကား ဧည့်ခန်းရှိ ဆောင်းမီးဖိုတွင် ဖုတ်နိုင်လေသည်။ ယင်းဒေသတစ်လျှောက်၌ ဆောင်းမီးဖို ဟူသည်မှာ ကြမ်းပြင်တွင်အပေါက်ဖောက်၍ ကြမ်းပြင်နှင့်အညီ ပြုလုပ်ထားသော လေးထောင့်မီးဖိုဖြစ်၏။

မီးဖိုသည် ကြမ်းပြင်ထက်မြင့်ခဲ့လျှင် မီးရှိန်သည် မီးလုံးသူ၏ခြေထောက်များသို့မရောက်ဘဲ ခြေသလုံးများလောက်သာ ရောက်နိုင်မည်ဖြစ်သောကြောင့် ကြမ်းကိုဖောက်ပြီး တစ်ပြင်တည်းဖြစ်အောင် လုပ်ထားရခြင်းဖြစ်လေသည်။

ကျွန်ုပ်ရောက်သွားပြီးနောက် မကြာမီ ရေစိမ်ပြီးသော ကောက်ညှင်းဆန်သွတ်ထားသည့် ပေါင်းတင်းဝါး သုံး၊ လေးချောင်းယူလာ၍ မီးဖိုတွင် ဖုတ်လေ၏။ ပေါင်းတင်းဝါးမှာ တစ်ဖက်ဖွင့်ဖြစ်၍ ငှက်ပျောဖက်ဖြင့် ပိတ်ထားလေရာ ယင်းဘက်ကို ရှေးဦးစွာဖုတ်၍ အဆစ်ပိတ်သောဘက်ကို နောက်မှဖုတ်ရ၏။ တစ်ဖက်၌ ကျက်လောက်သောအခါမှ တခြားတစ်ဖက်သို့ လှည့်မပေးမီ အဆစ်ပိတ်သောဘက်ကို ဓားနှင့်ထစ်၍ ဖွင့်ပေးရ၏။ ဖွင့်လိုက်သောအပေါက်မှ အငွေ့ထောင်းထောင်း ပန်းထွက်လေရာ ထိုကဲ့သို့မပြုလုပ်ပါက ပေါင်းတင်းဝါးထဲမှ ကောက်ညှင်းများသည် ရုတ်တရက် ပန်းထွက်တတ်သဖြင့် ပေါင်းတင်းတစ်ချောင်းလုံး ဆုံးရတတ်လေသည်။ ကျွန်ုပ်မှာမူ မီးဖိုအနီး၌ ဧည့်သည်ဖြစ်သော ကျွန်ုပ်အတွက် ခင်းထားသည့် ကော်ဇောပေါ်တွင် ဆေးတံခဲလျက်ထိုင်ကာ ပေါင်းတင်းများကိုလည်းကောင်း၊ အိမ်သူ၊ အိမ်သား ညီအစ်မသားချင်းတစ်စုတို့ကိုလည်းကောင်း တစ်လှည့်စီကြည့်ကာ အကဲခတ်လျက်ရှိလေ၏။

ဇနီးလောင်းကို အကဲခတ်ခြင်း

ထိုညဦး၌ ကျွန်ုပ်သည် ပေါင်းတင်းဖုတ်ခြင်းထက် ညီအစ်မသုံးယောက်တို့ကို အထူးဂရုပြု၍ အကဲခတ်လျက်ရှိ၏။ နမ်းပေါင်းမှ ပထမတစ်ကြိမ် ဆင်နှင့်ဆင်းခဲ့သောအခေါက်တွင် တောဝက်သားကင် အနည်းငယ်ပါလာခဲ့၍ အကြီးဆုံးဖြစ်သော မစိုးလက်သို့ "အားလုံးစားကြဖို့"ဆိုကာ ပေးအပ်လိုက်၏။ မစိုးသည် ဝက်သားကင်များကို ညီမများနှင့် မောင်လေးများသို့ ခွဲဝေပေးရာ၌ မောင်အငယ်ဆုံးအား အများဆုံးပေး၏။ သူကိုယ်တိုင်ကား မစားချေ။ ကျွန်ုပ်အား ပညာတတ်သည်ထင်၍ ပြုစားမည်စိုးသောကြောင့်ပေလော မပြောတတ်ပေ။ အားလုံးခွဲဝေစားစေချင်၍ယူခဲ့သော စားစရာကို သူကိုယ်တိုင်မမြည်းဘဲ ပေးဝေလိုက်ခြင်းအတွက် တစ်ဖက်၌ အနည်းငယ် မကျေမနပ်ဖြစ်ရခြင်းနှင့်အတူ တခြားတစ်ဖက်၌လည်း မောင်၊ ညီမလေးများအပေါ်၌ ညာတာဟန်တူသည်ဟု ချီးကျူးဖို့ သတိရခဲ့ပါသည်။ ကျွန်ုပ်သည် ဤအကြောင်းကို မစိုးအား ပြောဖူးသည်မရှိ။ (ဤစာကို သူကိုယ်တိုင်ဖတ်မှပင် သိရပေတော့မည်။ ကျွန်ုပ်အား 'ဝိယဆေး' သမားတစ်ယောက်ဟု မထင်မှတ်တန်စကောင်းဟူ၍လည်း မျှော်လင့်သည်။)

ထိုညဦး၌ ပေါင်းတင်းများကျက်၍ ငါးဖယ်ကြော်နှင့် စားကြသောအခါတွင်လည်း မစိုးသည် ကျွန်ုပ်အတွက် အများဆုံးပြင်ပေးပြီး မိခင်နှင့် မောင်၊ ညီမလေးများအတွက် ထည့်ပေးလေရာ သူ့အဖို့မူ အနည်းငယ်မျှသာ စားသည်ကို တွေ့ရ၏။ ကျွန်ုပ်ကို မြင်ရ၍ ဝမ်းသာနေသောကြောင့်ကား မဟုတ်တန်ရာ။ ကျွန်ုပ်က ဘာမျှမပြောရသေးချေ။ မည်သို့ပင်ဖြစ်စေ အစားအသောက်နှင့်ပတ်သက်၍ မောင်ညီမလေးများအပေါ်၌ သက်ညှာခြင်းသည် ကျွန်ုပ်လင်ဖြစ်လာသောအခါ၌ သက်ညှာတန်ရာသည့် လက္ခဏာတစ်ခုဖြစ်လိမ့်မည်ဟူသော ကျွန်ုပ်၏ အတွေးအခေါ်မူကား တကယ်မှန်ပါပေသည်။

'လင်နှင့်မယား၊ လျှာနှင့်သွား' ဟူဘိသို့ တစ်ဦးနှင့်တစ်ဦး မကျေနပ်သောအချက်လေးများရှိရသည့် ခမ္မတာဖြစ်သော်ငြားလည်း အစားနှင့်ပတ်သက်၍ ကျွန်ုပ်အပေါ်၌ ဂရုစိုက်ပုံ၊ ဒုက္ခခံပုံ၊ ကြိုးစားအားထုတ်ပုံများမှာ ရှာမှရှားသော ဇနီးတစ်ယောက်ဖြစ်သည်ဟု ဤနေရာ၌ ဝန်ခံလိုက်ရပေဦးမည်။ လင်ကရှာပေးလျှင် ချက်တတ်ပါသည်ဟု မိန်းမအများပြောစကားရှိသော်လည်း ကြိုးစားအားထုတ်ပုံချင်းမူကား ခြားနားခြင်းရှိကြပေလိမ့်မည်။ ညီအစ်မသုံးယောက် (အိမ်ထောင်ကွဲတစ်ယောက်ပါ လေးယောက်) ရှိကြသည့်အနက် တစ်ယောက်အပေါ်၌ တစ်ယောက် ကြင်နာမှုရှိရာတွင် မစိုးသည် (အကြီးဆုံးဖြစ်သောကြောင့်ပေလောမသိ။) အကြင်နာတတ်ဆုံးဖြစ်သည်ဟု ထိုစဉ်ကတည်းက အကဲခတ်မိရာနောင်တွင်လည်း ဤအတိုင်း မှန်ကန်ခြင်းကို တွေ့ရလေသည်။ တခြားသောယောကျ်ားများသည် မည်သို့သဘောထားကြသည် မပြောတတ်။ ကျွန်ုပ်အဖို့ရာတွင်မူကား ဤအခြင်းအရာသည် မစိုးနှင့် ကျွန်ုပ်အိမ်ထောင်ဖက်ဖြစ်ကြဖို့ ဖန်တီးပေးခြင်း၌ သူ၏ရုပ်ရည်ထက်ပင် အရေးကြီးသည်ဟု ထင်မိပါသည်။

ဝေ့လည်လည် ပြောနေခြင်း

စောစောခိုက်၌ ပေါင်းတင်းနှင့် ငါးဖယ်ကြော်ကို နံနံပင်၊ ကြက်သွန်မြိတ်နှင့် စားလိုက်၊ လက်ဖက်ရည်ကြမ်းသောက်လိုက်၊ ဆေးတံဖွာလိုက်ဖြင့် ဝိုင်းဖွဲ့ကာ စကားပြောကြပြီးနောက် အတန်ညဉ့်နက်လာသောအခါ မောင်၊ ညီမလေးများသည် သူတို့၏အိပ်ခန်းသို့ အသီးသီးဝင်ကြလေရာ မိခင်တစ်ယောက်သာလျှင် 'ဆေးဗန်း' ကို ထုတ်၍ ၎င်း၏အခန်းဝ၌ ထိုင်ကာ ကွမ်းသီးဖက်ဆေးလိပ်များ လိပ်လျက်ရှိလေ၏။ ကျွန်ုပ်မှာ နှစ်အိမ်ထောင်ပျက်ခဲ့ပြီဖြစ်၍ လူပျိုစကားပြောဖို့ (စံဒေဝီနှင့်တုန်းကကဲ့သို့) ရှဲ့ခြင်း၊ တွန့်ခြင်းမရှိသော်လည်း အချိန်အများကြီးရှိသည်ဆိုကာ ထွေရာလေးပါးစကားများကို ပြောလျက်ရှိ၏။

ဆက်လက်ဖော်ပြပါမည်။

ရန်ကုန်မြို့၌ ပြည်တွင်းစားသုံးဆီ သင်္ကြန်အကြိုဈေးရောင်းပွဲတော် လေးရက်ကြာကျင်းပမည်

ရန်ကုန် မတ် ၂၇

ပြည်တွင်းဆီဖူလုံမှုကို ဖော်ဆောင်သည့်အနေဖြင့် ပြည်တွင်းဆီစက်များ၏ စားသုံးဆီ သင်္ကြန်အကြိုဈေးရောင်းပွဲတော်ကို လေးရက်ကြာကျင်းပမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များအသင်းမှ သိရသည်။

အဆိုပါဈေးရောင်းပွဲတော်ကို သင်္ကြန်အကြိုဈေးရောင်းပွဲတော်အဖြစ် မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များအသင်းမှကြီးမှူး၍ ဧပြီလ ၂ ရက်မှ ၅ ရက်အထိ ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ရှေ့နှင့် ရန်ကင်းမြို့နယ် ရန်ရှင်းလမ်းရှိ Skysuites condo ရှေ့တို့၌ ရောင်းချပေးမည်ဖြစ်သည်။

"စားသုံးသူတွေ ကျန်းမာရေးနဲ့ညီညွတ်တဲ့ဆီတွေသုံးစွဲနိုင်ဖို့ ဈေးရောင်းပွဲတော် ကျင်းပမှာဖြစ်ပါတယ်။ ရန်ကုန်မြို့မှာ ဒီတစ်ခေါက်ပွဲတော်က ငါးကြိမ်မြောက် ကျင်းပတာပါ။ ပွဲတော်မှာ ပြည်တွင်းစားသုံးဆီတွေကို ဈေးနှုန်းသက်သာသာနဲ့ ရောင်းချပေးမှာဖြစ်ပြီး FDA လက်မှတ်ရ အမှတ်တံဆိပ် ၁၅ မျိုးပါမယ်။ ခန့်မှန်းခြေ တစ်ရက်တာအတွင်းမှာ အမျိုးအစား တစ်မျိုးကို ပိသာလေးငါးထောင်လောက် ရောင်းနိုင်ဖို့ မျှော်မှန်းထားပါတယ်။ ဒါ့ပြင် ဝယ်သူက ပိုပြီးတောင်းဆိုလာရင် စက်ရုံကနေ အိမ်ကိုတိုက်ရိုက်ပို့ဆောင်ပေးဖို့လည်း စီစဉ်ထားပါတယ်။ စားသုံးသူတွေ အနေနဲ့လည်း ကျန်းမာရေးနဲ့မညီညွတ်တဲ့ စားအုန်းဆီအစား ကျန်းမာရေးနဲ့ ညီညွတ်တဲ့ဆီတွေကို ရွေးချယ်ဝယ်ယူနိုင်မှာဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဦးကပြောသည်။

ဈေးရောင်းပွဲတော်၌ မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီ အမျိုးအစားအားလုံးကို တစ်ပိသာလျှင် ငွေကျပ် ၁၇၀၀၀ နှုန်းဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။ ရောင်းချပေးရာတွင် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအပါအဝင် တခြားတိုင်းဒေသကြီးနှင့်ပြည်နယ်တချို့ရှိ အာရှသား၊ ဆင်မင်း၊ ဝင်းဝင်း၊ ဝါဝါဝင်းအပါအဝင် FDA လက်မှတ်ရ အမှတ်တံဆိပ် ၁၅ မျိုး ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များအသင်း အနေဖြင့် စားသုံးသူများ အရည်အသွေးပြည့်မီပြီး ကျန်းမာရေးနှင့်ညီညွတ်သည့် ပြည်တွင်းထုတ်ဆီများ ဝယ်ယူစားသုံးနိုင်ရန်နှင့် ဆီစက်လုပ်ငန်းများ ဈေးကွက်ရရှိစေရန်ရည်ရွယ်၍ ရန်ကုန်မြို့၌ ပြည်တွင်းဆီဈေးရောင်းပွဲတော်များ ကျင်းပပြီး ရောင်းချပေးနေခြင်းဖြစ်ကြောင်း သိရသည်။

ခန့်ခန့်

ဖုန်းဘေလ်နှင့်ထိကံစမ်းထားသူများအတွက် ထိဆုငွေထုတ်ယူရန်နည်းလမ်းများ

5 Digits Online Lottery



Application ကနေတဆင့် ဖုန်းဘေလ်နှင့်ဝယ်ယူသူများ ထိဆုငွေလက်ခံမည့် အကောင့်တွင် မိမိ၏ eWallet အကောင့် နှင့် ဖုန်းနံပါတ်ကို မှန်ကန်စွာဖြည့်ထားပါ။



*117# ကနေတဆင့် ဝယ်ယူသူများ *117*5# ကိုခေါ်ဆိုပြီး ထိဆုငွေလက်ခံမည့် မိမိ၏ eWallet အကောင့်နှင့်ဖုန်းနံပါတ်ကို မှန်ကန်စွာဖြည့်ထားပါ။

Call Center 777 (or) 09 677 000 777

*117# ကိုခေါ်ဆိုပြီး Mytel ဖုန်းဘေလ်ဖြင့် 5 Digits အောင်ဘာလေအွန်လိုင်းထီ ဝယ်ယူကံစမ်းနိုင်ပါပြီ။

ပျောက်ဆုံးကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ သရက်ချောင်းကျေးရွာအုပ်စု၊ ဇီးဖြူကုန်းကျေးရွာနေ အိအိမေ(ဘ)ဦးခင်စိန် ၁၂/တကန(နိုင်)၁၈၀၃၅၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၆၂၄၀၃၈၈

ပျောက်ဆုံးကြောင်း

ကျောက်တန်းမြို့၊ ဆင်ကန်ရပ်ကွက်၊ အောင်ချမ်းသာ(ဖ)လမ်းနေ ရဲလင်းနေဘင် (ဘ)ဦးခင်မောင်ဆွေ ၁၂/လကန(နိုင်) ၂၁၉၈၁၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၂

ပျောက်ဆုံးကြောင်း

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ ပုလဲဒီပါရပ်နေ ညီညီထွန်း(ဘ)ဦးကျော်မြင့်ဖ/မမန(နိုင်)၁၁၅၂၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၂၁၉၆၂၁၄

ပျောက်ဆုံးကြောင်း

တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံးမြို့နယ်၊ ရေဖြူကျေးရွာနေ ပြည့်ဖြိုးအောင် (ဘ)ဦးပေါကြွယ် ဖ/လလန(နိုင်)၁၀၂၂၀၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (MG 366590)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၀၆၁၅၀၆၁၀

အမည်မှန်နှင့် ဖခင်အမည်မှန်

လယ်ဝေးမြို့၊ အ.ထ.က(၁)တွင် Grade-10 ဖြေဆိုထားသည့် မနန်းရွှေရီ၏အမည်မှန်မှာ မနန်းရွှေရည်ဖြစ်ပြီး ဖခင်အမည်မှန်မှာ ဦးဝင်းဗိုလ်ဖြစ်ပါကြောင်း။

မနန်းရွှေရည်၊ ဦးဝင်းဗိုလ်

ပျောက်ဆုံးကြောင်း

ဦးစန်းတင့်(ဘ)ဦးမောင်မောင် ၁၂/စခန(နိုင်) ၀၄၂၂၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၈၃၉၆၉၅၁

ပျောက်ဆုံးကြောင်း

ခင်မောင်စိုး(ဘ)ဦးဘိုးငွေ ၁၄/ကခန(နိုင်) ၀၈၃၃၅၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(ME 051906)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

ပျောက်ဆုံးကြောင်း

ဇော်ထူး(ဘ)ဦးဝင်းနိုင် ၁၄/ကခန(နိုင်) ၁၀၀၁၅၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(ME 290119)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

အလိမ္မာစာမှာရှိ

ပျောက်ဆုံးကြောင်း

တောင်ငူကွင်းလာပမြို့နယ်၊ (၃)ရပ်ကွက်၊ (၁၄)လမ်း၊ အမှတ်(၄၁)နေ စွမ်းထက်ဝေ လွင်(ဘ)ဦးထက်အာကာလွင် ၁၂/စခန (နိုင်)၀၈၁၃၇၈ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက် ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်း ကြားပေးပါရန်။ ဖုန်း-၀၉-၇၄၀၈၉၀၉၀

Notice pursuant to Myanmar Company Law and Undersection 151 A of Insolvancy Law & Rule 15 of 2020
Appointment of Liquidator for Members Voluntary Winding Up
TOSCO MYANMAR Company Limited

1. The Directors pf TOSCO Myanmar Company Limited has resolved under written resolution dated 30th January, 2025 to approve the liquidation of the company by way of a member voluntary winding-up under the insolvency law 2020.
2. The Directors have further resolved to appoint U Kyawt Mg, B.A,R.A,CPA,ICMA Part II(London) and Leader of U Kyawt Mg & Associates Accountancy and Audit Firm, No.3, 105th Street, Mingalar Taung Nyunt Township, Yangon as the liquidator of the company.
3. Therefore, any person claming to be a creditor of the said company is requested to submit relevant evidence of such claim(s) to the liquidator at the above address within one month from the date of this notification.

Mr.Yoshiaki Hata	U Kyawt Mg
Managing Director	Liquidator
TOSCO Myanmar Company Limited	Certified Public Accountant & Auditor

NOBLE BEAUTY BUSINESS GROUP COMPANY LIMITED
မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ(၁၄၇)
အစုရှယ်ယာရှင်များဆန္ဒအလျောက်
ကုမ္ပဏီအားစာရင်းရှင်းလင်းဖျက်သိမ်းရန်ကြေညာခြင်း

၁။ "NOBLE BEAUTY BUSINESS GROUP COMPANY LIMITED"ကို အစုရှင်များဆန္ဒ အလျောက်ဖျက်သိမ်းရန်(၂၁-၃-၂၀၂၅)နေ့က ကုမ္ပဏီရုံးခန်းတွင်ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအရပ်ရပ်အစည်းအဝေးက အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ၎င်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် တိုက်အမှတ် (၂၉၅)၊ အနော်ရထာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးဇင်ဝေ(၂၁၀)လက်မှတ်ရ ပြည်သူ့စာရင်းကိုင်အားခန့်အပ်ထားရန် ဆုံးဖြတ်ခဲ့သည်။

၃။ သို့ဖြစ်၍ ကုမ္ပဏီထံပေးရန်နှင့် ရရန်ရှိသည်များကို တစ်လအတွင်း ဦးဇင်ဝေ(၂၁၀) လက်မှတ်ရပြည်သူ့စာရင်းကိုင်နှင့် ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

ဦးဇင်ဝေ	U Kyin Sein @ Lim Kayan Sein
B.Com(AA);C.P.A(210)	ဒါရိုက်တာ

စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ NOBLE BEAUTY BUSINESS GROUP CO.,LTD.

ပျောက်ဆုံးကြောင်း

ခင်နွင်းဝေ(ဘ)ဦးညွန့်ရွှေ ၅/ဒပယ(နိုင်) ၁၆၁၉၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(MI 184399)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

ပျောက်ဆုံးကြောင်း

မမြဖူးငုံ(ဘ)ဦးမောင်မောင်မြင့် ၉/ပမန(နိုင်) ၁၆၁၃၁၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

ရန်ကုန်-မန္တလေးရထားလမ်းပိုင်းအတွင်းရှိ ညောင်ခြေထောက်နှင့် ကျွဲပွဲဘူတာအကြား အဆန်ရထားလမ်းပေါ်၌ အကြမ်းဖက်

သောင်းကျန်းသူအဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းနှင့် လုံခြုံရေးကင်းလှည့် RGC ရထားအားလက်နက်ငယ်ဖြင့်ပစ်ခတ်မှုဖြစ်ပွား

နေပြည်တော် မတ် ၂၇

ယနေ့ ဖြူး-တောင်ငူလမ်းပိုင်း လုံခြုံရေးစစ်ဆေးသည့် RGC-125 သည် ညောင်ခြေထောက်ဘူတာမှ နံနက် ၇ နာရီ ၃၆ မိနစ်တွင် ထွက်ခွာလာပြီး ညောင်ခြေထောက်နှင့် ကျွဲပွဲဘူတာအကြား မိုင် ၁၄၄/၁၀-၁၁ ခန့်အရောက် နံနက် ၇ နာရီ ၅၀ မိနစ်တွင် သံလမ်းအနောက်ဘက် ရန်ကုန်-မန္တလေး ကားလမ်းဘက်မှလက်နက်ငယ်ဖြင့် ပစ်ခတ်သဖြင့် RGC 125 စက်ခေါင်း၏ အနောက်ဘက်မှနံတစ်ချပ်ကွဲပြီး အနောက်ဘက် သံပေါင်တွင် ကျည်ထိမှန်ခဲ့ကြောင်းနှင့် အဆိုပါပစ်ခတ်မှုကြောင့် စက်ခေါင်းမောင်းနှင့် လုံခြုံရေးတပ်ဖွဲ့များ ထိခိုက်မှုမရှိကြောင်းသတင်းရရှိသည်။

ထို့အတူ ယနေ့ နံနက် ၉ နာရီ ၁၅ မိနစ်အချိန်တွင် ရန်ကုန်-မန္တလေး ရထားလမ်းပိုင်းအတွင်း ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့နယ်၊ ညောင်ခြေထောက်ဘူတာနှင့် ကျွဲပွဲဘူတာအကြား၊ မိုင်တိုင်အမှတ် ၁၄၄/၁၀-၁၁ နေရာရှိ အဆန်ရထားလမ်းပေါ်တွင် အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က ထောင်ထားသည့် မိုင်းပေါက်ကွဲမှုကြောင့် အဆန်ရထားလမ်း ထိခိုက်ပျက်စီးခဲ့ကြောင်း သတင်းအရ ညောင်ခြေထောက်ဘူတာနှင့် ကျွဲပွဲရထားလမ်းပိုင်းအား ဧကလမ်းစနစ် အသုံးပြု၍ အစုန်လမ်းမှ နံနက် ၉ နာရီ ၁၈ မိနစ်အချိန်တွင် ရထားများအား ဖြတ်သန်းခွင့်ပြုထားကြောင်း သတင်းရရှိသည်။

မိုင်းပေါက်ကွဲမှုဖြစ်စဉ်ဖြစ်ပွားရာနေရာသို့ နယ်မြေဒေသတာဝန်ရှိသူများ၊ နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်တို့က အချိန်နှင့်တစ်ပြေးညီ နယ်မြေရှင်းလင်းစစ်ဆေးဆောင်ရွက်ခဲ့ရာ မိုင်းခွဲခံရမှုကြောင့် အဆန်လမ်းရှိ အနောက်ဘက်သံလမ်း(၁၀)ပေခန့် တွန့်ခေါက်သွားပြီး လမ်းခင်းကျောက်နှင့် ကွန်ကရစ်ဧလီဖားတုံးအချို့ပျက်စီးခဲ့သည်။

မြန်မာ့မီးရထားဝန်ထမ်းများအနေဖြင့် လမ်းပိုင်းအားအမြန်ဆုံး ပြန်လည်ဖွင့်လှစ်နိုင်ရေး စစ်ဆေးဆောင်ရွက်ခဲ့ပြီး အဆန်လမ်း၏သံလမ်းအားလဲလှယ်ခြင်း၊ လမ်းပြုပြင်ခြင်းများကို ည ၆ နာရီအချိန် အပြီးဆောင်ရွက်နိုင်ခဲ့ပြီး အဆန်ရထားလမ်းပိုင်းအားပြန်လည်ဖွင့်လှစ်၍ ရထားများ ပုံမှန်အတိုင်းပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များအနေဖြင့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှစ၍ ယခုအချိန်အထိ မြန်မာ့မီးရထားလမ်းကွန်ရက်တစ်ခုလုံးတွင် ရထားလမ်းနှင့် ရထားဘူတာနယ်မြေအတွင်း မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း(၈၀)ကြိမ်၊ ရထားတံတား/သံလမ်းများအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း(၁၇၅)ကြိမ်၊ ဘူတာအဆောက်အဦနှင့် ဝန်ထမ်းနေအိမ်များအား မီးရှို့ဖျက်ဆီးခြင်း (၁၆)ကြိမ်ကျူးလွန်ခဲ့ကြသည်။

အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် နိုင်ငံတော်ပိုင်ရထားစက်ခေါင်းနှင့်တွဲများ၊ ရထားလမ်းနှင့်တံတားများ၊ ခရီးသည်များနှင့် ကုန်စည်များ ထိခိုက်ပျက်စီးဆုံးရှုံးစေရေး၊ ရထားစီးခရီးသွားပြည်သူများအနေဖြင့် ရထားဖြင့် ခရီးသွားလာရာတွင် ကိုယ်စိတ်နှလုံးချမ်းမြေ့ပြီး အသက်အန္တရာယ်ကင်းရှင်းစွာဖြင့် လုံခြုံစိတ်ချစွာ သွားလာနိုင်မှုမရှိစေရေးအတွက်ရည်ရွယ်ပြီး ယခုကဲ့သို့အကြိမ်ကြိမ် ကျူးလွန်ဖျက်ဆီးနေကြခြင်း ဖြစ်သော်လည်း နိုင်ငံတော်အစိုးရအနေဖြင့် အများပြည်သူ ခရီးသွားလာမှုနှင့် ကုန်စည်ပို့ဆောင်မှု အဆင်ပြေချောမွေ့မြန်ဆန်စေရေးအတွက် ရထားလမ်းနှင့် အခြေခံအဆောက်အဦများ ပိုမိုတိုးတက် ကောင်းမွန်လာစေရေးနှင့် ရထားပို့ဆောင်ရေးစနစ်အဆင့်မြှင့်တင်ရေးစီမံကိန်းလုပ်ငန်းများကို ရည်မှန်းချက်ထားရှိ၍ အစဉ်တစိုက်အလေးထားစီမံဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

မြန်မာ့မီးရထား



ရန်ကုန်-မန္တလေးရထားလမ်းပိုင်းအတွင်းရှိ ညောင်ခြေထောက်နှင့် ကျွဲပွဲဘူတာအကြား အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က လုံခြုံရေးကင်းလှည့် RGC ရထားအား လက်နက်ငယ်ဖြင့်ပစ်ခတ်မှုကြောင့် အနောက်ဘက်မှနံကွဲထိခိုက်မှုအခြေအနေ။



ရန်ကုန်-မန္တလေးရထားလမ်းပိုင်းအတွင်းရှိ ညောင်ခြေထောက်နှင့် ကျွဲပွဲဘူတာအကြား အဆန်ရထားလမ်းပေါ်၌ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှုကြောင့် ရထားလမ်းပျက်စီးမှုအခြေအနေ။



အဆန်ရထားလမ်းပေါ်၌ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှုကြောင့် ရထားလမ်းပျက်စီးမှုအား ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုကိုတွေ့ရစဉ်။

❖ နိုင်ငံတစ်ခုတိုးတက်ကောင်းမွန်ရေးအတွက် နိုင်ငံတွင်နေထိုင်ကြသူများက ဆောင်ရွက်ရခြင်းဖြစ်သကဲ့သို့ နိုင်ငံကိုပျက်စီးအောင်လည်း အဖျက်သမားစိတ်ဓာတ်ရှိသည့် ၎င်းနိုင်ငံသားများကပင် အဓိကပြုလုပ်ခြင်းဖြစ် . . .

❖ ဒေသတစ်ခုပျက်စီးစေရန်အတွက်လုပ်ဆောင်ကြသူများမှာ အဆိုပါဒေသတွင်နေထိုင်ကြသည့် ဒေသခံအဖျက်သမားအကြမ်းဖက်များပင်ဖြစ် . . .

❖ အခြားဒေသတွင်နေထိုင်သူများက လာရောက်လုပ်ဆောင်နိုင်ခြင်းမရှိ . . .

❖ ဥပမာပေးရမည်ဆိုပါက **"အရိပ်နေနေ၊ အခက်ချိုးချိုး"** ပြုလုပ်နေသူများဖြစ် . . .

❖ ၎င်းကဲ့သို့ အကြမ်းဖက်အဖျက်သမားများကို လူထုအားဖြင့် ကာကွယ်ထိန်းသိမ်းရန်လို . . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့တွင်ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး(၃/၂၀၂၄)သို့ တက်ရောက် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗဟလါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်နှင့် တပ်မတော်အရာရှိကြီးများ သူရဲကောင်းဗိမာန်(နေပြည်တော်)၌ ဂုဏ်ပြုပန်းခြင်းချအလေးပြု

နေပြည်တော် မတ် ၂၇

ယနေ့တွင်ကျရောက်သည့်နှစ်(၈၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ်အဖြစ် ယနေ့နံနက်ပိုင်းတွင် သူရဲကောင်းဗိမာန်(နေပြည်တော်)၌ ဂုဏ်ပြုပန်းခြင်းချအလေးပြုခြင်းအခမ်းအနားကို ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် တက်ရောက်၍ ဂုဏ်ပြုပန်းခြင်းချအလေးပြုသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပုံချီ မဟာသရေစည်သူစိုးဝင်း၊ ညွှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် သရေစည်သူကျော်စွာလင်း၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင်ထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင်စည်သူထွန်းအောင်၊ အငြိမ်းစားတပ်မတော်အရာရှိကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ တက်ရောက်ကြသည်။

စာမျက်နှာ ၅ ကော်လံ ၁ ⇨



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်နှင့် တပ်မတော်အရာရှိကြီးများ သူရဲကောင်းဗိမာန်(နေပြည်တော်)၌ ဂုဏ်ပြုပန်းခြင်းချအလေးပြုစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး နှစ်(၈၀)ပြည့် တပ်မတော်နေ့ အခမ်းအနားသို့တက်ရောက်ကြသည့် လွတ်လပ်ရေးမော်ကွန်းဝင်ပုဂ္ဂိုလ်များအား ဂါရဝပြုတွေ့ဆုံ စာ - ၅ သို့

ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အမိန့် စာ - ၁၀ သို့

ဆောင်းပါး

အောင်ကမ္ဘည်းရယ်နဲ့ အောင်ခရီး အောင်စည်ဝေ စာ - ၂၅ သို့